# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# ပထမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၃ |
| ၄ | အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း | ၃ |
| ၅ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၄ |
| ၆ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း | ၅ |
| ၇ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်း | ၆ |
| ၈ | နိုင်ငံရေးပါတီတစ်ခုခုကို ကိုယ်စားပြုသည့် ပါတီဝင်တစ်ဦးသည် သက်ဆိုင်ရာပါတီ၏ စည်းမျဉ်းများ နှင့်အညီ ပါတီဝင်ဖြစ်ခြင်း၊ နုတ်ထွက်ခြင်း၊ ထုတ်ပယ်ခြင်း၊ ပါတီဝင်အဖြစ်မှ ရပ်စဲခြင်းတို့ကို လိုက်နာ ရသည်ကို သိရှိပါသလား၊ ပါတီတစ်ခုခုကို ကိုယ်စားပြုသည့် ပါတီဝင်တစ်ဦးသည် အခြားပါတီဝင် အဖြစ်ဖြင့် ကိုယ်စားပြုပြီး ရွေးကောက်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်လျှင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၁ ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်သည် မဟုတ်ပါလားဆိုသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၇ |
| ၉ | အထွေထွေရွေးကောက်ပွဲ ကျင်းပသည့်နေ့ရက်တွင် တစ်နိုင်ငံလုံးမှ မဲရုံအသီးသီးရှိ မဲရလဒ်များအား ရွေးကောက်ပွဲနေ့ရက်၏ ညနေ ၄ နာရီမတိုင်မီ ဖွင့်ဖောက်ရေတွက်ခြင်းမပြုလုပ်ရန်နှင့် မဲရလဒ်များ ပေါက်ကြားခြင်းမရှိစေရန် ညွှန်ကြားချက်၊ စည်းကမ်းချက်များ ထုတ်ပြန်ကြေညာပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |

၁၀ မိုးမိတ်မြို့နယ်တွင် MPT ဖုန်းလိုင်းများ ကောင်းမွန်စွာဆက်သွယ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း ၁၇

၁၁ ရမ်းဗြဲမြို့နယ်၊ ကန်တော့ပြင်ကျေးရွာနှင့် သာစည်ပြင်ကျေးရွာကြားရှိ တန့်လန်းတောင်ပေါ်တွင် ဆက်သွယ်ရေးတာဝါတိုင်တစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၁၉

၁၂ ပေါက်တောမြို့နယ်၊ ပင်လယ်ကမ်းစပ်ဒေသအချို့တွင် တယ်လီဖုန်းဆက်သွယ်ရေး ကောင်းမွန် လာအောင် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း ၂၂

၁၃ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးခြင်း၊ ဥပဒေကကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့တင်ပြခြင်း ၂၆

၁၄ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၄၄

# ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၇) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## ပထမနေ့ အစီအစဉ်

## (၁၃-၇-၂၀၂၀) (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁)ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊

၃။ ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၄။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း၊

၅။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၆။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊

၇။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးဘရှိန်၊ ကျောက်ဖြူ မဲဆန္ဒနယ်၏ **နိုင်ငံရေးပါတီတစ်ခုခုကိုကိုယ်စားပြုသည့် ပါတီဝင်တစ်ဦးသည် သက်ဆိုင်ရာပါတီ၏ စည်းမျဉ်းများနှင့်အညီ ပါတီဝင် ဖြစ်ခြင်း၊ နုတ်ထွက်ခြင်း၊ ထုတ်ပယ်ခြင်း၊ ပါတီဝင်အဖြစ်မှ ရပ်စဲခြင်းတို့ကို လိုက်နာရသည်ကို သိရှိပါသလား၊ ပါတီတစ်ခုခုကို ကိုယ်စားပြုသည့်ပါတီဝင် တစ်ဦးသည် အခြားပါတီဝင်အဖြစ်ဖြင့် ကိုယ်စားပြုပြီး ရွေးကောက်ပွဲများ၌**

**ဝင်ရောက်ယှဉ်ပြိုင်လျှင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၁ ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်သည်မဟုတ်ပါလားဆိုသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးညွန့်ဝင်း၊ ကန်ပက်လက် မဲဆန္ဒနယ်၏ **အထွေထွေရွေးကောက်ပွဲကျင်းပသည့်နေ့ရက်တွင် တစ်နိုင်ငံလုံးမှ မဲရုံအသီးသီးရှိ မဲရလဒ်များအား ရွေးကောက်ပွဲနေ့ရက်၏ ညနေ (၄) နာရီမတိုင်မီ ဖွင့်ဖောက် ရေတွက်ခြင်း မပြုလုပ်ရန်နှင့် မဲရလဒ်များ ပေါက်ကြားခြင်းမရှိစေရန် ညွှန်ကြားချက်၊ စည်းကမ်းချက်များ ထုတ်ပြန်ကြေညာပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးတိုးသောင်၊ မိုးမိတ် မဲဆန္ဒနယ်၏ **မိုးမိတ်မြို့နယ်တွင် MPT ဖုန်းလိုင်းများ ကောင်းမွန်စွာ ဆက်သွယ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးကျော်ရွှေ၊ ရမ်းဗြဲ မဲဆန္ဒနယ်၏ **ရမ်းဗြဲမြို့နယ်၊ ကန်တော့ပြင်ကျေးရွာနှင့် သာစည်ပြင်ကျေးရွာကြားရှိ တန့်လန်းတောင်ပေါ်တွင် ဆက်သွယ်ရေး တာဝါတိုင်တစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးအောင်ကျော်ဇံ၊ ပေါက်တော မဲဆန္ဒနယ်၏ **ပေါက်တောမြို့နယ်၊ ပင်လယ်ကမ်းစပ်ဒေသအချို့တွင် တယ်လီဖုန်းဆက်သွယ်ရေး ကောင်းမွန်လာအောင် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော် သို့အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်း နှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# ပထမနေ့မှတ်တမ်း

**၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၃ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့အစီအစဉ် စတင်ပါတော့မယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ကျွန်တော်ဦးတင်ဝင်းအောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်မှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ**။ ။ မင်္ဂလာပါ။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း**

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၉ ရက် ရက်စွဲပါကြေညာချက်အမှတ်(၁၂၈/၂၀၂၀)အရ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲထားတာရှိပါတယ်။ ဒါ့ကြောင့် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ခ)အရ ဥက္ကဋ္ဌရှေ့မှောက်မှာကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုရမယ့်ကိုယ်စားလှယ်သည် မိမိစားပွဲပေါ်ရှိ ကတိသစ္စာပြုလွှာများကိုယူဆောင်ပြီး စင်မြင့်ရှေ့သတ်မှတ်ထားတဲ့နေရာမှာ နေရာယူပေးရန်ဖြစ်ပါတယ်။ ကျွန်တော်က ကတိသစ္စာကိုတိုင်ပေးတဲ့အခါ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က လိုက်ဆိုဖို့ဖြစ်ပါတယ်။ ကွက်လပ်နေရာမှာ မိမိရဲ့အမည်ကိုထည့်သွင်းရွတ်ဆိုရန် ဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းရှိပုဂ္ဂိုလ်များအားလုံး မတ်တပ်ရပ်ပေးကြဖို့ဖြစ်ပါတယ်။ ကတိသစ္စာပြုရန် အသင့်ဖြစ်စေလိုပါတယ်။

[ဥက္ကဋ္ဌက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ တပ်မတော်သားကိုယ်စားလှယ်တစ်ဦးက ကတိသစ္စာပြုပါသည်။]

“ကျွန်ုပ်-----သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ဥပဒေများကိုလည်းလိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့အပြင်

ယခုကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည် ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။”

**ဥက္ကဋ္ဌ**။ ။ အားလုံးထိုင်နိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သည် ဥက္ကဋ္ဌ၏ရှေ့မှောက်တွင် ကတိသစ္စာပြုလွှာပေါ်၌ မိမိရဲ့အမည်၊ ရာထူးကိုရေးသား၍ လက်မှတ်ရေးထိုးပြီး အစည်းအဝေး အပြီးမှာ ပြည်သူ့လွှတ်တော်ရုံးသို့ ကတိသစ္စာပြုလွှာကိုအပ်နှံရန်ဖြစ်ပါတယ်။ ယခု ကတိသစ္စာပြု ပြီးသည့်ကိုယ်စားလှယ်သည် မိမိအတွက်သတ်မှတ်ထားသည့်နေရာသို့ ပြန်လည်နေရာယူရန် ဖြစ်ပါတယ်။

[ကတိသစ္စာပြုသည့် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ အမည်စာရင်းအား နောက်ဆက်တွဲ(က)အဖြစ် ဖော်ပြအပ်ပါသည်။]

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၃) ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦးရှိသည့်အနက် ၄၀၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ထက်ဝက်ကျော်တက်ရောက်တဲ့ အတွက် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၁၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၄ တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄) ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၅) ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူလွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၀ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၀၇ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၂၃ ဦး ရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ငါးရက်၊

(၂) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း အစည်းအဝေးပြီးဆုံးသည်ထိ၊

(၃) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းဘသိန်း ခွင့် သုံးရက်၊

(၄) ရေဖြူမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး ခွင့် ၁၄ ရက်၊

(၅) မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း အစည်းအဝေးပြီးဆုံးသည်ထိ၊

(၆) ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး ခွင့် ငါးရက်၊

(၇) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် နှစ်ရက်၊

(၈) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ငါးရက်၊

(၉) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ငါးရက်၊

(၁၀) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ငါးရက်၊

(၁၁) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ အစည်းအဝေးပြီးဆုံးသည်ထိ၊

(၁၂) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ငါးရက်၊

(၁၃) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် ခွင့် ငါးရက်၊

(၁၄) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းဥက္ကာ ခွင့် သုံးရက်၊

(၁၅) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ခွင့် တစ်ရက်၊

(၁၆) မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းစန်သိန်း ခွင့် ၁၂ ရက်၊

(၁၇) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ ခွင့် ငါးရက်၊

(၁၈) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၁၉) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၁၂ ရက်၊

(၂၀) တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး ခွင့် တစ်ရက်၊

(၂၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်နိုင်ဝင်း ခွင့် တစ်ရက်၊

(၂၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မောင်ချို ခွင့် တစ်ရက်နှင့်

(၂၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးမင်းဦး ခွင့် တစ်ရက် တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ခွင့်ပန်ကြားမှုအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၄၃၀ ဦးရှိပြီး ယနေ့ခွင့်ပန်ကြား၍ လွှတ်တော်ကခွင့်ပြုထားသူ ၂၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်း တင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်းဆုမွန်ကောင်းတောင်းရင်း ကြိုဆိုနှုတ်ခွန်းဆက်သလိုက်ပါတယ်။ ဒီအစည်းအဝေးကာလအတွင်းမှာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် အတွက် အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေကြမ်း နှင့်ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းစတဲ့ ဥပဒေကြမ်းများကို ကန့်သတ်ကာလ အတွင်းမှာ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရမယ့် တာဝန်တွေလည်း ရှိနေပါတယ်။ ပြည်သူ့ လွှတ်တော်မှာဆောင်ရွက်ရန်ရှိတဲ့ ဥပဒေကြမ်းများ၊ အဆိုနဲ့မေးခွန်းများကို ယခင်ပုံမှန်အစည်းအဝေး များအတိုင်း မျှမျှတတ ထည့်သွင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယနေ့အချိန်အထိ မိမိတို့ နိုင်ငံအနေနဲ့ COVID-19 ကပ်ရောဂါကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ထားနိုင်ဆဲဖြစ်တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ သို့သော်လည်း ကိုယ်စားလှယ်များ အနေနဲ့ပေါ့ဆမှုမရှိဘဲ ကပ်ရောဂါ ကာကွယ်ရေးနည်းလမ်းများအတိုင်း လိုက်နာဆောင်ရွက် သွားကြဖို့နဲ့ ယခုအကြိမ်အစည်းအဝေး ကာလကို အောင်မြင်စွာကျင်းပနိုင်ရေး ပူးပေါင်း ဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားရင်း ကြိုဆိုနှုတ်ခွန်းဆက်သလိုက်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၇) ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**နိုင်ငံရေးပါတီတစ်ခုခုကို ကိုယ်စားပြုသည့် ပါတီဝင်တစ်ဦးသည် သက်ဆိုင်ရာပါတီ၏ စည်းမျဉ်းများနှင့်အညီ ပါတီဝင်ဖြစ်ခြင်း၊ နုတ်ထွက်ခြင်း၊ ထုတ်ပယ်ခြင်း၊ ပါတီဝင်အဖြစ်မှ ရပ်စဲခြင်းတို့ကို လိုက်နာရသည်ကို သိရှိပါသလား၊ ပါတီတစ်ခုခုကို ကိုယ်စားပြုသည့် ပါတီဝင်တစ်ဦးသည် အခြားပါတီဝင်အဖြစ်ဖြင့် ကိုယ်စားပြုပြီး ရွေးကောက်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်လျှင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၁ ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်သည် မဟုတ်ပါလားဆိုသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီနေ့မေးခွန်းမေးမြန်းမှာကတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က Focal လုပ်တဲ့ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေနဲ့ သက်ဆိုင်ပါတယ်။ မေးခွန်းက တိုတိုလေးဖြစ်သလို ဥပဒေပြဋ္ဌာန်းချက်ကလည်း ရှင်းရှင်းတိုတိုလေးပဲ ဖြစ်ပါတယ်။ မေးခွန်းကတော့ ဒီအပေါ်မှာ တင်ပေးထားသလိုပဲ နိုင်ငံရေးပါတီတစ်ခုခုကို ကိုယ်စားပြုသည့် ပါတီဝင်တစ်ဦးသည် သက်ဆိုင်ရာပါတီ၏ စည်းမျဉ်းများနှင့်အညီ ပါတီဝင်ဖြစ်ခြင်း၊ နုတ်ထွက်ခြင်း၊ ထုတ်ပယ်ခြင်း၊ ပါတီဝင်အဖြစ်မှ ရပ်စဲခြင်းတို့ကို လိုက်နာရသည်ကို သိရှိပါသလားဆိုတဲ့ အပိုင်းတစ်ပိုင်းရယ်၊ ပါတီတစ်ခုကို ကိုယ်စားပြုသည့် ပါတီဝင်တစ်ဦးသည် အခြားပါတီဝင်အဖြစ်ဖြင့် ကိုယ်စားပြုပြီး ရွေးကောက်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်လျှင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၁ ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်တယ်မဟုတ်လားဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒီလိုမေးရတာက ကျွန်တော်တို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဆိုတာ ၂၀၁၀ ပြည့်နှစ်တုန်းက ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေအရ နိုင်ငံရေးပါတီတွေကိုလည်း စီမံခန့်ခွဲတဲ့အဖွဲ့အစည်းဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတစ်ဝန်းလုံးမှာ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော် စတဲ့ လွှတ်တော်အသီးသီးနဲ့ဆိုင်တဲ့ကိစ္စတွေကိုလည်း စီမံခန့်ခွဲတဲ့အလုပ်ကို လုပ်ရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ဟာ လွှတ်တော်အဆင့်ဆင့်မှာ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်နဲ့ ပါဝင်ယှဉ်ပြိုင်မယ်ဆိုလို့ရှိရင် နိုင်ငံရေးပါတီအသီးသီးကို ကိုယ်စားပြုလို့ဖြစ်စေ၊ တစ်သီးပုဂ္ဂလအဖြစ်နဲ့ဖြစ်စေ ဝင်ရောက်ယှဉ်ပြိုင်ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်သီးပုဂ္ဂလကိုယ်စားလှယ်အဖြစ်နဲ့ ဝင်ရောက်ယှဉ်ပြိုင်တဲ့အခါမှာတော့ သက်ဆိုင်ရာရွေးကောက်ပွဲတွေအတွက် သတ်မှတ်ထားတဲ့ ဥပဒေနဲ့အညီ အရည်အချင်းပြည့်ရင်

ယှဉ်ပြိုင်လို့ရပါတယ်။ ဒါပေမဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ နိုင်ငံရေးပါတီတစ်ခုကို ကိုယ်စားပြုပြီးတော့ ဝင်ရောက်အလုပ်လုပ်ကိုင်နေတယ်။ ဒီပုဂ္ဂိုလ်က အခြားပါတီတစ်ခုမှာ ကိုယ်စားပြုပြီးတော့ ဝင်ရောက်ယှဉ်ပြိုင်တဲ့အခါ ဒီမေးခွန်းကို မေးစရာပေါ်လာပါတယ်။ ကျွန်တော်တို့ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတုန်းက ကျွန်တော်တို့ပါတီက မြို့နယ်အဆင့် ဒုတိယဥက္ကဋ္ဌတစ်ယောက်က တခြားပါတီက ကိုယ်စားလှယ်လောင်းအဖြစ်နဲ့ ပါတီကိုကိုယ်စားပြုပြီးတော့ ဝင်ရောက်ယှဉ်ပြိုင်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အစည်းအဝေးလုပ်တဲ့အချိန်အခါမှာ ကျွန်တော် အဲဒီအစည်းအဝေးမှာ ဒီကိစ္စကို ဆွေးနွေးခဲ့တဲ့အခါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဘာပြောလဲဆိုတော့ ဒါကရွေးကောက်ပွဲလုပ်တဲ့အတွက်ကြောင့် ရွေးကောက်ပွဲဆိုင်ရာဥပဒေနဲ့ပဲ ဆိုင်ပါတယ်တဲ့။ ကျွန်တော်ပြောတာက ဒီပုဂ္ဂိုလ်က တစ်သီးပုဂ္ဂလအနေနဲ့ ရွေးကောက်ပွဲဝင်ရင် ဒီဥပဒေနဲ့ မငြိစွန်းပေမဲ့ နိုင်ငံရေးပါတီတစ်ခုမှာ တရားဝင်ပါတီဝင်အဖြစ်နဲ့ ရှိနေတဲ့ပုဂ္ဂိုလ်က နောက်ပါတီတစ်ခုကို ကိုယ်စားပြုပြီးတော့ ဝင်ရောက်ယှဉ်ပြိုင်လျှင် အဲဒါပြဋ္ဌာန်းဥပဒေဖြစ်တဲ့ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၁ မှာ ပုဂ္ဂိုလ်တစ်ဦးသည် တစ်ချိန်တည်းတွင် ပါတီတစ်ခု၌သာ ပါဝင်ဆောင်ရွက်ခွင့်ရှိသည်လို့ ရှင်းရှင်းလင်းလင်း ပြဋ္ဌာန်းထား ပါတယ်။ ဒါကြောင့် ဒီလို မရှင်းမလင်းဖြစ်နေတဲ့ဟာကို နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ မဲဆန္ဒရှင်တွေရော၊ နိုင်ငံရေးပါတီ အသီးသီးမှာ တာဝန်ယူပြီးတော့နေကြတဲ့ပုဂ္ဂိုလ်တွေရော၊ ရွေးကောက်ပွဲဝင်ကြမယ့် ပုဂ္ဂိုလ်တွေ့ရော ရှင်းရှင်းလင်းလင်း ဥပဒေနဲ့အညီသိရှိနိုင်စေချင်တဲ့အတွက်ကြောင့် ဥက္ကဋ္ဌကြီးက တစ်ဆင့် မေးမြန်းရ ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသက်ထွန်း(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်ကြီးများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသက်ထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊

ကျောက်ဖြူမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်ရဲ့ မေးခွန်းကတော့ နိုင်ငံရေးပါတီတစ်ခုခုကို ကိုယ်စားပြုသည့် ပါတီဝင်တစ်ဦးသည် သက်ဆိုင်ရာပါတီ၏ စည်းမျဉ်းများနှင့်အညီ ပါတီဝင်ဖြစ်ခြင်း၊ နုတ်ထွက်ခြင်း၊ ထုတ်ပယ်ခြင်း၊ ပါတီဝင်အဖြစ်မှ ရပ်စဲခြင်းတို့ကို လိုက်နာရသည်ကို သိရှိပါသလား၊ ပါတီတစ်ခုခုကို ကိုယ်စားပြုသည့် ပါတီဝင်တစ်ဦးသည် အခြားပါတီဝင်အဖြစ်ဖြင့် ကိုယ်စားပြုပြီး ရွေးကောက်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်လျှင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၂၁ ပါပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်သည် မဟုတ်ပါလားဆိုသည်ကို သိရှိလိုခြင်း မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံရေးပါတီတစ်ခုခုကို ကိုယ်စားပြုတဲ့ ပါတီဝင်တစ်ဦးရဲ့ ပါတီဝင်ဖြစ်ခြင်း၊ နုတ်ထွက်ခြင်း၊ ထုတ်ပယ်ခြင်း၊ ပါတီဝင်အဖြစ်မှ ရပ်စဲခြင်း၊ ပါတီတာဝန်များမှ ရပ်စဲခြင်းများကို သက်ဆိုင်ရာပါတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို တင်ပြထားတဲ့ ပါတီဖွဲ့စည်းပုံစည်းမျဉ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပါတီဝင်တစ်ဦးဟာ သက်ဆိုင်ရာပါတီရဲ့ စည်းမျဉ်းများနှင့်အညီ လိုက်နာခြင်းရှိ/မရှိကိုတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ ကော်မရှင်အဖွဲ့ခွဲအသီးသီးက သိရှိနိုင်မှာမဟုတ်ဘဲ သက်ဆိုင်ရာပါတီကသာ သိရှိနိုင်မှာဖြစ်ပါတယ်။ ရွေးကောက်ပွဲများမှာ ဝင်ရောက်ယှဉ်ပြိုင်တဲ့ ကိစ္စဟာ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီသာ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၁ ပါပြဋ္ဌာန်းချက်ဟာ ပါတီကိစ္စမှာ ပါဝင်ဆောင်ရွက်ခွင့်သာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ အမည်စာရင်းတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက စိစစ်ခြင်းဟာ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ရခြင်း ဖြစ်ပါတယ်။ ရွေးကောက်တင်မြှောက်ခံခွင့်ရှိတဲ့ သတ်မှတ်ထားတဲ့အရည်အချင်းများနှင့် ပြည့်စုံပါက ရွေးကောက်ပွဲမှာ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ နိုင်ငံတော်အခြေခံမူများ ပုဒ်မ ၃၈ ပုဒ်မခွဲ(က)မှာ နိုင်ငံသားတိုင်းဟာ ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိတယ်လို့ ပြဋ္ဌာန်းထားပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၂ မှာ ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်

ဝင်ရောက်ယှဉ်ပြိုင်လိုသူတစ်ဦးသည် မဲဆန္ဒနယ်အလိုက် သတ်မှတ်ထားသည့်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ သတ်မှတ်ထားသည့်အတိုင်း အမည်စာရင်းတင်သွင်းလွှာကို တင်သွင်းရမည်ဟူ၍လည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၂၄ မှာ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားသူ၏ အမည်စာရင်းတင်သွင်းလွှာသည် သတ်မှတ်ချက်များနှင့်ညီညွတ်မှုရှိ/မရှိ၊ လက်ခံရန်သင့်/မသင့်ကို သတ်မှတ်ထားသည့်အတိုင်း အမည်စာရင်းတင်သွင်းလွှာလက်ခံသည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက စိစစ်ရမည်ဟူ၍လည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၂၆ မှာတော့ ပုဒ်မ ၂၄ အရ စိစစ်ပြီးနောက် သတ်မှတ်ချက်များနှင့်ညီညွတ်ပါက လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူဖြစ်ကြောင်း သို့မဟုတ် သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိပါက လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောကတ်င်မြှောက်ခံပိုင်ခွင့်မရှိသူ ဖြစ်ကြောင်း သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြေညာရမည်ဟူ၍ ပြဋ္ဌာန်းထားပါ တယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈ မှာ အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါတယ်။ အောက်ပါအရည်အချင်းနှင့်ပြည့်စုံသော နိုင်ငံသားများသည် အမျိုးသား/အမျိုးသမီးမရွေး၊ ဘာသာမရွေး ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

(က) ရွေးကောက်တင်မြှောက်ခံနိုင်ရေးအတွက် အမည်စာရင်းတင်သွင်းလွှာတင်သွင်းချိန်တွင် –

(၁) အသက် ၂၅ နှစ်(အမျိုးသားလွှတ်တော်အတွက် အသက် ၃၀ နှစ်)ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်သူ၊

(၂) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်နှင့် တစ်ဆက်တည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အနည်းဆုံး ၁၀ နှစ် အခြေချနေထိုင်ခဲ့သူ၊

**ခြွင်းချက်**။ နိုင်ငံတော်၏ခွင့်ပြုချက်ဖြင့် နိုင်ငံခြားသို့ တရားဝင်သွားရောက်သည့်ကာလများကိုလည်း နိုင်ငံတော်တွင် အခြေချနေထိုင်ခဲ့သည့်ကာလအဖြစ် ထည့်သွင်းရေတွက်ရမည်၊

(၃) မဲစာရင်းတွင် ပါဝင်သူ။

(ခ) နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသောနိုင်ငံသားဖြစ်သူ၊

(ဂ) ဤဥပဒေတွင်သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသူဟု ပြဋ္ဌာန်းထား ပါတယ်။

ယင်းဥပဒေပုဒ်မ ၉ မှာ ရွေးကောက်တင်မြှောက်ခံခွင့်ရှိသူတစ်ဦးသည် ပုဂ္ဂလိကအဖြစ်ဖြင့် ဖြစ်စေ၊ နိုင်ငံရေးပါတီတစ်ခုခုကို ကိုယ်စားပြု၍ဖြစ်စေ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရှိသည်ဟု ပြဋ္ဌာန်းထားပါတယ်။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၁ ပါပြဋ္ဌာန်းချက်အရ ပုဂ္ဂိုလ်တစ်ဦးဟာ တစ်ချိန်တည်းမှာ ပါတီတစ်ခု၌သာ ပါဝင်ဆောင်ရွက်ခွင့်ရှိသည့်အတွက် ပါတီ တစ်ခုမှ နုတ်ထွက်ခွင့်မရရှိသောပုဂ္ဂိုလ်တစ်ဦးသည် အခြားနိုင်ငံရေးပါတီတစ်ခုကို ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်မည်ဆိုပါက နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၁ ပါ ပြဋ္ဌာန်းချက်နှင့် ငြိစွန်းပါတယ်။ ဒါပေမဲ့ ယင်းသို့ပါတီမှနုတ်ထွက်ခွင့်မရတဲ့အခြေအနေမှာ ၎င်းရဲ့ ရွေးကောက် တင်မြှောက်ပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် တစ်သီးပုဂ္ဂလအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ပါက နိုင်ငံရေး ပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၁ ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်သည်ဟု ဆိုနိုင်မည်မဟုတ်ပါ ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရှင်းပြတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့လည်း ရှင်းရှင်းလင်းလင်းသိချင်တဲ့ အတွက်ကြောင့် ဒီမေးခွန်းကို မေးခဲ့ရခြင်းဖြစ်ပါတယ်။ ဆက်စပ်ပြီးတော့ နည်းနည်းလောက် မေးမြန်းလိုပါတယ်။ ပုဂ္ဂိုလ်တစ်ယောက်က နိုင်ငံသားအခွင့်အရေးအရ ရွေးကောက်ပွဲဆိုင်ရာဥပဒေ နဲ့အညီ အရည်အချင်းပြည့်စုံရင် ရွေးကောက်ပွဲဝင်ခွင့်ရှိတယ်။ ရှင်းသွားပြီ။ နိုင်ငံရေးပါတီအသီးသီး ကိုကိုယ်စားပြုပြီးတော့လည်း ရွေးကောက်ပွဲဝင်ခွင့်ရှိတယ်။ ရှင်းသွားပြီ။ အခု ကျွန်တော်တို့ ဖြတ်သန်းခဲ့ရတာက နိုင်ငံရေးပါတီတစ်ခုက တာဝန်ရှိတဲ့ပုဂ္ဂိုလ်တစ်ယောက်ဟာ တခြားပါတီ တစ်ခုက ကိုယ်စားပြုပြီးတော့ ရွေးကောက်ပွဲဝင်လိုက်တဲ့အခါ အဲဒီပြဿနာတွေကို ၂၀၁၈ ခုနှစ်၊ UEC မှာ အစည်းအဝေးတွေလုပ်တဲ့အခါ မဖြေရှင်းနိုင်ခဲ့တဲ့အတွက်ကြောင့် ဒီမေးခွန်းကို မေးလာရတာဖြစ်ပါတယ်။

အခုတော့ ဒီပုဂ္ဂိုလ်ဟာ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကိုလည်း လိုက်နာပြီးတော့ ဆောင်ရွက်ရမယ်ဆိုတဲ့ အခွင့်အရေးတွေရရှိသွားတဲ့အတွက်ကြောင့် ဒီလိုပုဂ္ဂိုလ်မျိုးကို နိုင်ငံရေးပါတီ တစ်ခုက ပုဂ္ဂိုလ်တစ်ယောက်ဟာ တခြားနိုင်ငံရေးပါတီတစ်ခုကို ကိုယ်စားပြုပြီးတော့ ဝင်ရောက် ယှဉ်ပြိုင်လာမယ်ဆိုလို့ရှိရင် အဲဒီလိုကိုယ်စားယှဉ်ပြိုင်ခွင့်မရဘူး။ တစ်သီးပုဂ္ဂလအနေနဲ့ပဲ ခင်ဗျား ပြိုင်လို့ရမယ်လို့ အခုဖြေသွားပါတယ်။ အဲဒီလိုဖြေသွားတဲ့အတိုင်း နိုင်ငံရေးပါတီတစ်ခုကို ကိုယ်စားပြုတဲ့ တာဝန်ရှိပုဂ္ဂိုလ်တစ်ယောက်ဟာ တခြားပါတီတစ်ခုကို ကိုယ်စားပြုပြီးတော့ ဝင်ရောက်ယှဉ်ပြိုင်လာလို့ရှိရင် သက်ဆိုင်ရာမိခင်ပါတီက ရွေးကောက်ပွဲကော်မရှင်ကို အကျိုးရယ်၊ အကြောင်းရယ်ဖော်ပြပြီးတော့ တင်ပြလာတဲ့အခါ အခုပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြေသွားသလို ခင်ဗျားရွေးကောက်ပွဲဝင်ချင်ရင်တော့ ဥပဒေနဲ့အညီ တစ်သီးပုဂ္ဂလပဲဝင်ပါလို့ အဲဒီလို ညွှန်ကြားပေးဖို့ အစီအစဉ်ရှိပါသလားဆိုတာလေးလဲ တစ်ချက်သိချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားနိုင်က ဖြေကြားရန်နှင့် ဖြေကြားဖို့ အဆင်သင့်မဖြစ်သေးဘူးဆိုလို့ရှိရင်လည်း စာဖြင့်ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးသက်ထွန်း(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်ရဲ့ ဆက်စပ်မေးခွန်းဟာ အလွန် ကောင်းမွန်တဲ့မေးခွန်းဖြစ်ပါတယ်။ မေးခွန်းအသစ်ဖြစ်တယ်လို့လည်း ယူဆလို့မရပေမဲ့ ပိုမိုတိကျတဲ့ အဖြေရရှိရန်အတွက် ကျွန်တော့်တစ်ဦးတည်းသဘောဖြင့် ဖြေကြားခြင်းမပြုဘဲ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရဲ့ စုံညီညှိနှိုင်းအစည်းအဝေးသို့တင်ပြပြီး ယင်းအစည်းအဝေးရဲ့တင်ပြချက် အရ ပြန်လည်ရှင်းလင်းဖြေကြားသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**အထွေထွေရွေးကောက်ပွဲ ကျင်းပသည့်နေ့ရက်တွင် တစ်နိုင်ငံလုံးမှ မဲရုံအသီးသီးရှိ မဲရလဒ်များအား ရွေးကောက်ပွဲနေ့ရက်၏ ညနေ ၄ နာရီမတိုင်မီ ဖွင့်ဖောက်ရေတွက်ခြင်းမပြုလုပ်ရန်နှင့် မဲရလဒ်များ ပေါက်ကြားခြင်းမရှိစေရန် ညွှန်ကြားချက်၊ စည်းကမ်းချက်များ ထုတ်ပြန်ကြေညာပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးညွန့်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညွန့်ဝင်း(ကန်ပက်လက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအားလုံး

မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝင်း ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ပါတီစုံအထွေထွေရွေးကောက်ပွဲကျင်းပသည့်နေ့ရက်တွင် တစ်နိုင်ငံလုံးမှ မဲရုံအသီးသီးရှိ မဲရလဒ်များအား ရွေးကောက်ပွဲနေ့ရက်၏ ညနေ ၄ နာရီမတိုင်မီ ဖွင့်ဖောက်ရေတွက်ခြင်းမပြုလုပ်ရန်နှင့် မဲရလဒ်များပေါက်ကြားစေခြင်းမရှိရန် ညွှန်ကြားချက်၊ စည်းကမ်းချက်များ ထုတ်ပြန်ကြေညာပေးရန်အစီအစဉ်ရှိ/မရှိ သိရှိလိုသည့်မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။

မေးခွန်းမေးမြန်းရခြင်းရဲ့ အကြောင်းရင်းကတော့ ကျွန်တော်တို့ ချင်းပြည်နယ်အတွင်းမှာရှိတဲ့ ကျေးလက်ဒေသမဲရုံတွေမှာ မဲပေးခွင့်ရှိတဲ့ဦးရေနည်းပါးတဲ့မဲရုံတွေ များစွာရှိနေပါတယ်။ အဲဒီမဲရုံတွေဟာ မဲပေးပိုင်ခွင့်ရှိတဲ့ဦးရေ ၅၀ ဦးကနေ ၁၀၀ ဦးကြားရှိတဲ့မဲရုံတွေဖြစ်ပြီး ရွေးကောက်ပွဲကျင်းပရက် မဲရုံများစတင်ဖွင့်လှစ်တဲ့ နံနက် ၆ နာရီကနေစတင်ပြီးတော့မှ မဲပေးကြမယ်ဆိုရင် နေ့လယ် ၁ နာရီအတွင်း မဲပေးတဲ့ဆန္ဒပြုခြင်းအစီအစဉ် ပြီးဆုံးနိုင်တာဖြစ်ပါတယ်။ အဲဒီမဲရုံတွေအနေနဲ့ မဲပေးခွင့်ရှိတဲ့ဦးရေ ပြည့်မီပြီဆိုတာနဲ့ ဆန္ဒမဲရလဒ်တွေစတင်ဖွင့်ဖောက်ရေတွက်မယ်ဆိုရင် လူဦးရေ ၁၀၀ ဦးအောက်ရှိတဲ့ မဲရုံအသီးသီးမှာ မဲရလဒ်တွေဟာ ရွေးကောက်ပွဲကျင်းပတဲ့နေ့ရက် နံနက်ပိုင်း ၉ နာရီ၊ ၁၀ နာရီအတွင်း ပေါက်ကြားသိရှိနိုင်မှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့မဲဆန္ဒနယ်မှာဆိုရင် မဲရုံပေါင်း ၇၇ ရုံရှိတဲ့အနက် မဲရုံပေါင်း ၂၃ ရုံဟာ မဲပေးခွင့်ရှိသူ ၁၀၀ ဦးအောက်ရှိတဲ့မဲရုံတွေဖြစ်ပါတယ်။ မြို့ပေါ်ရပ်ကွက်တွေနဲ့ အခြားလူဦးရေများတဲ့မဲရုံတွေမှာ မဲပေးတဲ့သူ၊ မဲပေးခွင့်ရှိတဲ့ဦးရေ ၁၀ ရာခိုင်နှုန်းလောက်သာ ဆန္ဒမဲလာရောက်ပေးပြီးချိန် မြို့နယ်အတွင်းမှာရှိတဲ့ အခြားသောမဲရုံငယ်တွေရဲ့ မဲရလဒ်တွေကို Facebook၊ Online ပေါ်မှာ ကြေညာတာတွေ၊ ဖြန့်ဝေတာတွေ ပြုလုပ်ကြတာ ၂၀၁၈ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲအတွေ့အကြုံအရ ကြုံကြိုက်ခဲ့ရဖူးပြီးလည်း ဖြစ်ပါတယ်။ အဲဒီမဲရုံငယ်တွေရဲ့ မဲရလဒ်တွေစောစီးစွာဖွင့်ဖောက်ကြေညာခြင်းဟာ ပါတီအသီးသီးမှာ ကိုယ်စားပြုရွေးကောက်ခံတဲ့ ကိုယ်စားလှယ်လောင်းတွေအတွက် မလိုလားအပ်တဲ့မဲရလဒ်တွေကို ရုတ်တရက်ပြောင်းလဲဖြစ်ပေါ်စေနိုင်တာကို သတိမူသင့်ပါတယ်။ ဆန္ဒမဲမပေးရသေးတဲ့ မဲဆန္ဒရှင်ပြည်သူတွေနဲ့ ကနဦးရည်ရွယ်တဲ့ကိုယ်စားလှယ်လောင်းတွေအပေါ် ဆန္ဒပြုမဲပေးခြင်းအတွက် ဆုံးဖြတ်ချက်တွေကို အခြားသောမဲရုံငယ်တွေရဲ့ မဲရလဒ်သတင်းအပေါ်အခြေခံပြီး စိတ်အာရုံထွေပြားစေခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ရွေးချယ်ရာမှာ ပြဿနာတွေဖြစ်ပေါ်စေနိုင်ပါတယ်။

ပြီးခဲ့တဲ့ရွေးကောက်ပွဲတွေမှာ မဲပေးခွင့်ရှိတဲ့ဦးရေ ၅၀ ဦးနှင့် ၁၀၀ ဦးကြားရှိတဲ့မဲရုံတွေမှာ ရွေးကောက်ပွဲရက်ရဲ့ နံနက်ပိုင်းအချိန်တိုအတွင်း မဲပေးခြင်းပြီးဆုံးပြီး မဲပေးခွင့်ရှိသူဦးရေပြည့်မီပြီဆိုရင် မဲရေတွက်ခြင်းကိုချက်ချင်းဆောင်ရွက်ခဲ့ကြပါတယ်။ မဲရလဒ်တွေစောစီးစွာသတင်းပေါက်ကြားပြီး Facebook၊ Online တွေပေါ်မှာ ဖွင့်ထုတ်ကြေညာခြင်းတွေဟာ လုံးဝမသင့်တော်တဲ့ဖြစ်စဉ်တွေပဲဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ ညွှန်ကြားချက်တွေထုတ်ပြန်ပြီး အလေးထားထိန်းကျောင်းပေးဖို့လိုအပ်မှာဖြစ်ပါတယ်။

ဒါကြောင့် ပွင့်လင်းမြင်သာမှုရှိတဲ့၊ လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးဖြစ်စေဖို့ ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့မှာကျင်းပပြုလုပ်မယ့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ သက်ဆိုင်ရာပါတီအသီးသီးကနေရွေးချယ်မယ့် လွှတ်တော်ကိုယ်စားလှယ်လောင်းတွေရဲ့မဲရလဒ်တွေ တရားမျှတမှုရှိစေဖို့နဲ့ မဲဆန္ဒရှင်ပြည်သူများရဲ့စိတ်ဆန္ဒတွေ မှန်မှန်ကန်ကန်ဆုံးဖြတ်နိုင်ဖို့ရည်ရွယ်ပြီး အထက်ပါမေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသက်ထွန်း(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကပဲ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝင်းရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝင်းရဲ့မေးခွန်းကတော့ အထွေထွေရွေးကောက်ပွဲကျင်းပသည့်နေ့ရက်တွင် တစ်နိုင်ငံလုံးမှ မဲရုံအသီးသီးရှိမဲရလဒ်များအား ရွေးကောက်ပွဲနေ့ရက်၏ ညနေ ၄ နာရီမတိုင်မီ ဖွင့်ဖောက်ရေတွက်ခြင်းမပြုရန်နှင့် ညနေ ၄ နာရီမတိုင်ခင် မဲရလဒ်များအား ပေါက်ကြားစေခြင်းမရှိစေရန် ကောင်းမွန်သောညွှန်ကြားချက်၊ စည်းကမ်းချက်များ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တစ်နိုင်ငံလုံးသို့ ထုတ်ပြန်ကြေညာပေးရန်အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းမေးခွန်းပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၂ ပုဒ်မခွဲ(က) မှာ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံများကို နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ထားရမည်။ သို့ရာတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးပြီးပါက မဲရုံများကို ညနေ ၄ နာရီထက်စော၍ ပိတ်နိုင်သည်ဟူ၍လည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၄၂ ပုဒ်မခွဲ(ခ)မှာ မဲရုံများကို ညနေ ၄ နာရီတိတိအချိန်တွင်ပိတ်သည့်အခါ မဲရုံမပိတ်မီ မဲရုံပရဝဏ်အတွင်း၌ ဆန္ဒမဲပေးရန်ရောက်ရှိနေသူများအနက် ဆန္ဒမဲမပေးရသေးသူများရှိပါက ယင်းတို့ကိုစာရင်းကောက်ယူ၍ ထိုစာရင်းတွင်ပါသူများကိုသာလျှင် ဆန္ဒမဲပေးချိန်ကျော်လွန်ပြီးဖြစ်စေကာမူ ဆန္ဒမဲပေးခွင့်ပြုရမည်ဟူ၍လည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၄၈ ပုဒ်မခွဲ(ခ)မှာတော့ သက်ဆိုင်ရာမဲရုံအလိုက် ဆန္ဒမဲပေးခြင်းပြီးပြတ်လျှင်ပြီးပြတ်ချင်း မဲရုံမှူးကိုယ်တိုင်ဖြစ်စေ၊ ယင်းက တာဝန်ပေးအပ်သော မဲရုံအဖွဲ့ဝင်ကဖြစ်စေ၊ မဲရုံတွင်ပင် မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အများပြည်သူတို့၏ရှေ့မှောက်၌ ဆန္ဒမဲလက်မှတ်များကို ရေတွက်ရမည်ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါဥပဒေပြဋ္ဌာန်းချက်များအရ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံများကို နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ထားရမှာဖြစ်ပြီး မဲရုံများရှိဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ရာနှုန်းပြည့်ဆန္ဒမဲပေးပြီးပြီဆိုလျှင် မဲရုံများကို ညနေ ၄ နာရီထက်စောပြီး ပိတ်နိုင်ပါတယ်။ အဲဒီလို ၄ နာရီထက်စောပြီးပိတ်ပါက အထက်ဖော်ပြပါ ဥပဒေပုဒ်မ ၄၈ ပုဒ်မခွဲ(ခ)အရ ဆန္ဒမဲလက်မှတ်များကို ရေတွက်ရမှာဖြစ်ပါတယ်။ မဲရုံကိုသာမန်အားဖြင့် ညနေ ၄ နာရီတိတိအချိန်တွင် ပိတ်ရမှာဖြစ်ပေမဲ့ မဲရုံပရဝဏ်အတွင်းမှာ ရောက်ရှိနေတဲ့ ဆန္ဒမဲမပေးရသေးသူများကို စာရင်းကောက်ယူပြီး အဆိုပါပုဂ္ဂိုလ်များ ဆန္ဒမဲပေးခြင်း ပြီးပြတ်လျှင်ပြီးပြတ်ချင်း ဥပဒေပုဒ်မ ၄၈ ပုဒ်မခွဲ(ခ)နှင့်အညီ ဆန္ဒမဲလက်မှတ်ရေတွက်ခြင်းကို ဆက်လက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါကြောင့် မဲရုံတွေမှာ ညနေ ၄ နာရီထက်စော၍ မဲရုံပိတ်ပြီး မဲရေတွက်ခြင်း၊ တချို့သောမဲရုံတွေမှာညနေ ၄ နာရီတိတိအချိန်တွင် မဲရုံပိတ်၍ မဲရေတွက်ခြင်း၊ တချို့သောမဲရုံတွေမှာတော့ ညနေ ၄ နာရီကျော်စေကာမူ အဲဒီမဲရုံပရဝဏ်အတွင်းမှာ ရောက်ရှိနေတဲ့ဆန္ဒမဲမပေးရသေးသူများ ဆန္ဒမဲပေးခြင်းပြီးပြတ်မှသာ မဲရုံပိတ်ပြီးမဲရေတွက်ခြင်း များကို သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမှာ

ဖြစ်ပါတယ်။ မဲရုံတစ်ရုံနဲ့တစ်ရုံ မဲရုံပိတ်ချိန်တူညီမှုမရှိနိုင်သလို မဲရေတွက်သည့်အချိန်ဟာလည်း တူညီမှုရှိနိုင်မှာမဟုတ်ပါကြောင်း ဦးစွာရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သက်ဆိုင်ရာမဲရုံအလိုက် ဆန္ဒမဲပေးခြင်း ပြီးပြတ်လျှင်ပြီးပြတ်ချင်း မဲရုံမှူးကိုယ်တိုင်ဖြစ်စေ၊ ၎င်းကတာဝန်ပေးအပ်တဲ့ မဲရုံအဖွဲ့ဝင်ကဖြစ်စေ ယင်းမဲရုံတွင်ပင် မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အများပြည်သူတို့ရဲ့ရှေ့မှောက်မှာပင် ဆန္ဒမဲလက်မှတ်များကို ရေတွက်ရမှာဖြစ်ပါတယ်။ ရေတွက်ရရှိတဲ့ဆန္ဒမဲအရေအတွက်ကို သတ်မှတ်ထားတဲ့အတိုင်း ပုံစံစာရင်းများပြုစုပြီး မဲရုံမှူးနှင့်တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းရဲ့ မဲရုံကိုယ်စားလှယ်များ၊ အများပြည်သူအသိသက်သေများပါဝင်လက်မှတ်ရေးထိုးစေပြီး မဲရုံးမှူးထံတွင်လည်းကောင်း၊ မဲရုံမှာကပ်ထားခြင်းကိုလည်းကောင်း၊ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ခြင်းကိုလည်းကောင်း ဆောင်ရွက်ရပြီး မိတ္တူတစ်စောင်ကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမှာဖြစ်ပါတယ်။ ဖော်ပြပါ ဥပဒေပြဋ္ဌာန်းချက်နှင့် လုပ်ငန်းစဉ်များကို ညနေ ၄ နာရီထက်စောပြီး ပိတ်တဲ့မဲရုံများမှာ ညနေ ၄ နာရီမတိုင်မီ ဆန္ဒမဲရေတွက်ခြင်းများရှိနိုင်ပါတယ်။ အဲဒီလို ရေတွက်ရာမှာလည်း မဲရုံကိုယ်စားလှယ်များ၊ မဲရုံအဖွဲ့ဝင်များနှင့် အများပြည်သူများရဲ့ရှေ့မှောက်မှာ ပွင့်လင်းမြင်သာစွာ မဲရေတွက်ခြင်းဖြစ်လို့ ထိုမဲရုံရဲ့မဲရလဒ်ကို သိရှိနေကြမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးခြင်း ပြီးပြတ်လျှင်ပြီးပြတ်ချင်း သက်ဆိုင်တဲ့ပုဂ္ဂိုလ်များနှင့် အများပြည်သူများရှေ့မှောက်မှာ ဆန္ဒမဲရေတွက်ခြင်းဟာ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်တာဖြစ်ပါတယ်။ ဒါ့အပြင် ရွေးကောက်ပွဲရဲ့ စံတစ်ရပ်ဖြစ်တဲ့ ပွင့်လင်းမြင်သာမှုရှိခြင်းကိုလည်း ဖော်ဆောင်ရာရောက်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိ အများယုံကြည်လေးစားခြင်းခံရတဲ့ ပုဂ္ဂိုလ်များနှင့် ရုံးဝန်ထမ်းများအတွက် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များကို ပိုမိုသိရှိနိုင်စေဖို့ ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်နည်းပြသင်တန်းများဖွင့်လှစ်ခြင်းကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလမှာ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါနည်းပြသင်တန်းတက်ရောက်ပြီးသူများက သက်ဆိုင်ရာခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ပို့ချခြင်းကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလကုန်မှာ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ မဲရုံများမှာ

တာဝန်ထမ်းဆောင်မယ့် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များကိုလည်း ရွေးကောက်ပွဲကာလ နီးကပ်ချိန်မှာ သင်တန်းများဖွင့်လှစ်ပို့ချသွားဖို့ လျာထားဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ မေးခွန်းပါ အထွေထွေရွေးကောက်ပွဲကျင်းပသည့်နေ့ရက်တွင် တစ်နိုင်ငံလုံးမှ မဲရုံအသီးသီးရှိ မဲရလဒ်များအား ရွေးကောက်ပွဲနေ့ရက်၏ ညနေ ၄ နာရီမတိုင်မီ ဖွင့်ဖောက်ရေတွက်ခြင်းမပြုရန်နှင့် ညနေ ၄ နာရီမတိုင်မီ မဲရလဒ်များအား ပေါက်ကြားစေခြင်းမရှိစေရန် ကောင်းမွန်သောညွှန်ကြားချက်၊ စည်းကမ်းချက်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တစ်နိုင်ငံလုံးသို့ ထုတ်ပြန်ကြေညာပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့်စပ်လျဉ်းပြီး အထက်ဖော်ပြပါ ပြဋ္ဌာန်းဥပဒေများအရ ထုန်ပြန်ကြေညာပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေနဲ့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် မဲရုံအဖွဲ့ဝင်များကို သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများပါပြဋ္ဌာန်းချက်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ရေးအတွက် သင်တန်းများဖွင့်လှစ်ပို့ချခြင်း၊ သင်တန်းကာလနီးကပ်သည့် အချိန်တွင် လိုအပ်တဲ့ညွှန်ကြားချက်များကို ဥပဒေနဲ့အညီ ထုတ်ပြန်သွားမှာဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကော်မရှင်အဖွဲ့ဝင် ပြန်လည် ထွက်ခွာနိုင်ပါပြီ။

**မိုးမိတ်မြို့နယ်တွင် MPT ဖုန်းလိုင်းများ ကောင်းမွန်စွာဆက်သွယ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုးမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတိုးသောင်(မိုးမိတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော သက်ဆိုင်ရာဝန်ကြီးများ၊ တိုင်းပြ/ပြည်ပြုလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံးကို မင်္ဂလာပါလို့ ဦးစွာပဏာမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတိုးသောင်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိုးမိတ်မြို့နယ်မှာ MPT ဖုန်းလိုင်းများဟာ ကောင်းမွန်ခြင်းမရှိိပါဘူး။ ဖုန်းဆက်နေရင်းနဲ့ ပြုတ်ပြုတ်ကျသွားပါတယ်။ စက္ကန့် ၂၀၊ ၃၀ လောက်ဆိုလို့ရှိရင်တော့ တစ်ဖန်ပြန်ဆက်လို့ရပါတယ်။ ဆက်သွယ်မှုကတော့

မပြတ်ပါဘူး။ ဒါပေမဲ့ တစ်ဖက်ကကြားရင် တစ်ဖက်ကမကြားရတော့ပါဘူး။ ဒါပေမဲ့ ဖုန်းဘေတွေကတော့ ဖြတ်နေ ပါတယ်။ ကျန်တဲ့ဖုန်းလိုင်းတွေဖြစ်တဲ့ Mytel တို့၊ Ooredoo တို့၊ Telenor တို့ကတော့ ဆက်သွယ်ရေး ကောင်းပြီးတော့ အစိုးရပိုင်ဖုန်းလိုင်းဖြစ်တဲ့ MPT ကတော့ ဆက်သွယ်လို့မကောင်းဖြစ်နေပါတယ်။ MPT ဖုန်းလိုင်းဟာ မှတ်ပုံတင်ထားတဲ့ကတ်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူတွေရဲ့ နိစ္စဓူဝလိုအပ်ချက်ဟာ လျှပ်စစ်မီး၊ တယ်လီဖုန်း၊ လမ်းပန်းဆက်သွယ်ရေးပဲ ဖြစ်ပါတယ်။ ဒီဟာတွေကောင်းနေမှ ပြည်သူ့ဘဝဟာအဆင်ပြေမှာပါ။ ဒါကြောင့်မို့ မိုးမိတ်မြို့နယ်အတွင်းမှာ MPT ဖုန်းလိုင်းများကောင်းမွန်စေရန်အတွက် သီးသန့်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသာဦး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုးမိတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးသောင်၏ မိုးမိတ်မြို့နယ် တွင် MPT ဖုန်းလိုင်းများ ကောင်းမွန်စွာဆက်သွယ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးသာဦးက ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ် ရေးလုပ်ငန်း MPT အနေနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်မြို့နယ်အတွင်းမှာ ဟော်နန်းရပ်ကွက်၊ မြောက်ပိုင်းရပ်ကွက်၊ မြစ်ဆုံကျေးရွာအုပ်စု၊ ရေတံခွန်ကျေးရွာ၊ ဘော်ဒေကျေးရွာ၊ သစ်ဆိပ်ကုန်း ကျေးရွာ၊ မိုးဘုံကျေးရွာ၊ စင့်ကင်ကျေးရွာ၊ အောင်မြေကျေးရွာ၊ အာသံကျေးရွာ၊ အုန်းဂျောကျေးရွာ၊ ဒေါင့်ကြီးကျေးရွာ၊ ကျောက်တောင်ကျေးရွာ၊ ညောင်ပင်ဇောက်ကျေးရွာ၊ ဖော်ခိကျေးရွာ၊ ကုန်းမကန် ကျေးရွာ၊ ကင်းချောင်းကျေးရွာ၊ ဝဲဘောင်းကျေးရွာနှင့် လက်ခုပ်ပင်ကျေးရွာတို့မှာ GSM စခန်းတစ်ခု စီနဲ့ စုစုပေါင်း MPT က စခန်း ၁၉ ခုကိုလည်းကောင်း၊ Telenor Myanmar က မိုးမိတ်မြို့နယ် အတွင်းမှာ

စခန်းခုနစ်ခုကိုလည်းကောင်း၊ Ooredoo က လေးခုကိုလည်းကောင်း၊ Mtel က ၁၀ ခုကို လည်းကောင်း စုစုပေါင်းအနေနဲ့ မိုးမိတ်မြို့နယ်အတွင်းမှာ ဆက်သွယ်ရေးအော်ပရေတာ လေးခုပေါင်း စခန်း ၄၀ ခုနဲ့ ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်မြို့နယ်အတွင်းမှာရှိတဲ့ မိုဘိုင်းဆက်သွယ်ရေးများရဲ့ အဝေးဆက်သွယ်မှုစနစ်အတွက်ကို MPT ကနေပြီးတော့ လက်ရှိအသုံးပြုနေတဲ့ မိုးကုတ်–မိုးမိတ် (မိုက္ကခရို)ဆက်ကြောင်း တည်ဆောက်ထားပါတယ်။ အဲဒီဆက်ကြောင်းဟာ နည်းပညာပိုင်းအရ အများဆုံးရနိုင်တဲ့ Microwave Bandwidth Capacity ကို အပြည့်အသုံးပြုထားပြီးဖြစ်ပါတယ်။ အဲဒီ Capacity ကိုသုံးပြီးတော့ မိုဘိုင်းစခန်းပေါင်း ၂၀ ခုကို ဆက်သွယ်ချိတ်ဆက်ထားရတဲ့အတွက် မိုဘိုင်းတယ်လီဖုန်းသုံးစွဲသူများအနေနဲ့ အဆင်မပြေမှုများ ကြုံတွေ့နေရခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဟာ မိုးမိတ်မြို့နယ် အတွင်း ဆက်သွယ်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ပြောဆိုဆက်သွယ်နိုင်စေရန်အတွက် မိုဘိုင်းစခန်းများရဲ့ အဝေးဆက်သွယ်မှုစနစ်အတွက် လက်ရှိချိတ်ဆက်အသုံးပြုနေတဲ့ မိုက္ကရိုဝေ့ဗ် ဆက်ကြောင်းအစား ဖိုင်ဘာဆက်ကြောင်းအဖြစ် ပြောင်းလဲချိတ်ဆက်အသုံးပြုနိုင်ခြင်းအတွက် စီစဉ်ဆောင်ရွက်လျက်ရှိနေပြီးတော့ ၂၀၂၁ ခုနှစ် မတ်လကုန်လောက်တွင် ပြီးစီးနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ရမ်းဗြဲမြို့နယ်၊ ကန်တော့ပြင်ကျေးရွာနှင့် သာစည်ပြင်ကျေးရွာကြားရှိ တန့်လန်းတောင်ပေါ်တွင် ဆက်သွယ်ရေးတာဝါတိုင်တစ်ခု တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ရွှေ(ရမ်းဗြဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ရွှေ ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်မေးမြန်းတင်ပြသွားမယ့်မေးခွန်းကတော့ ရမ်းဗြဲမြို့နယ်တွင် တယ်လီဖုန်းဆက်သွယ်ရေးလိုင်းမမိသော ကျောင်းချောင်း တိုက်နယ်အထက်ပိုင်းကျေးရွာများအတွက် တယ်လီဖုန်းဆက်သွယ်ရေးတာဝါတိုင် တည်ဆောက် ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း၍ မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်ဟာ ရမ်းဗြဲကျွန်းပေါ်မှာတည်ရှိပြီး

ရမ်းဗြဲကျွန်း၊ စကုကျွန်း၊ မာန်အောင်ကျွန်းတို့ဖြင့် ဖွဲ့စည်းထားသော မြို့နယ်တစ်ခုဖြစ်ပါတယ်။ မြို့နှစ်မြို့ပါဝင်ပြီး ရပ်ကွက်ပေါင်း ၁၁ ရပ်ကွက်ရှိပါတယ်။ ကျေးရွာအုပ်စုပေါင်း ၄၈ အုပ်စု ကျေးရွာပေါင်း ၁၉၃ ရွာနဲ့ဖွဲ့စည်းထားပြီး လူဦးရေ ၁၁၀၀၀၀ နီးပါးနေထိုင်တဲ့ မြို့နယ်တစ်ခု ဖြစ်ပါတယ်။ ရမ်းဗြဲမြို့နယ်မှ ကျောက်ဖြူ-ရန်ကုန်-ပြည်ထောင်စုလမ်းမကြီးကို အသုံးပြု၍ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များနှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသများသို့ မော်တော်ကားများဖြင့် ဆက်သွယ်သွားလာနိုင်သဖြင့် ဆက်သွယ်ရေးအတန်အသင့်ကောင်းမွန်တဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ ယခုလို တယ်လီဖုန်းဆက်သွယ်ရေး အရေးတကြီးလိုအပ်နေချိန်တွင် ရမ်းဗြဲမြို့နယ်အတွင်း တယ်လီဖုန်းတာဝါတိုင်များ တည်ဆောက်ပေးလာသဖြင့် အချို့သောနယ်မြေများအတွက် တယ်လီဖုန်းဆက်သွယ်ရေးအဆင်ပြေချောမွေ့သော်လည်း အချို့သောနယ်မြေများတွင် ယခုအချိန် အထိ တယ်လီဖုန်းဖြင့် မည်သို့မျှ ဆက်သွယ်၍မရဖြစ်နေသဖြင့် လူမှုအခွင့်အရေးများ ဆုံးရှုံးနေကြ ရပါတယ်။ ရမ်းဗြဲမြို့နယ်(အနောက်ဘက်)ပိုင်းဒေသများဖြစ်တဲ့ ကျောက်ချောင်းတိုက်နယ် အောက်ပိုင်းဒေသများမှာ ဆက်သွယ်ရေးတာဝါတိုင်များကို တစ်ရွာနှင့်တစ်ရွာ နီးနီးနားနား တည်ဆောက်ပေးထားသဖြင့် တယ်လီဖုန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့သော်လည်း ကျောက်ချောင်းတိုက်နယ် အထက်ပိုင်းဒေသများဖြစ်သော လက်ပံပြင်ကျေးရွာအုပ်စုသုံးရွာနှင့် ဆင်ခြေကျေးရွာအုပ်စုရှစ်ရွာ၊ သာစည်ပြင်အုပ်စု၊ ကန်တော့ပြင်ကျေးရွာအုပ်စုသုံးရွာနှင့် ချင်းအမျိုးသားများနေထိုင်ရာ ထောက်ကြွံတောကျေးရွာများမှ ပြည်သူလူထုများမှ တယ်လီဖုန်း ဆက်သွယ်ရေးလိုင်းမမိသဖြင့် လူမှုရေးအခက်အခဲများစွာ ကြုံတွေ့နေကြရပါတယ်။ သို့ဖြစ်ပါ၍ ရမ်းဗြဲမြို့နယ် ကျောက်ချောင်းတိုက်နယ်ရှိ ပြည်သူလူထု ဆက်သွယ်ရေးအဆင်ပြေစေရန်အတွက် ကန်တော့ပြင်ကျေးရွာနှင့် သာစည်ပြင်ကျေးရွာအကြားရှိ တန့်လန်းတောင်ပေါ်တွင် ဆက်သွယ်ရေး တာဝါတိုင်တစ်ခုတည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် တည်ဆောက်ပေးပါမည်၊ အစီအစဉ်မရှိပါက မည်သည့်အကြောင်းကြောင့်ဖြစ်သည်ကို သိရှိလိုပါ သဖြင့် ကျောက်ချောင်း တိုက်နယ်ပြည်သ ူလူထုကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသာဦး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီးတော့ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ရွှေ၏ ရမ်းဗြဲမြို့နယ်၊ ကျောက်ချောင်းတိုက်နယ်ရှိ ပြည်သူလူထု ဆက်သွယ်ရေးအဆင်ပြေစေရန်အတွက် ကန်တော့ပြင်ကျေးရွာနှင့် သာစည်ပြင်ကျေးရွာကြားရှိ တန့်လန်းတောင်ပေါ်တွင် ဆက်သွယ်ရေးတာဝါတိုင်တစ်ခုတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)အနေနဲ့ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်အတွင်းမှာ CDMA-450 $MH_Z$ စခန်းတစ်ခုနှင့် GSM စခန်း ၂၁ ခုကို လည်းကောင်း၊ တယ်လီနောမြန်မာလီမိတက်(Telenor)အနေနဲ့ GSM စခန်း ၁၅ ခုကို လည်းကောင်း၊ အော်ရီဒူးမြန်မာလီမိတက်(Ooredoo)အနေနဲ့ GSM စခန်းငါးခုကိုလည်းကောင်း၊ တယ်လီကွန်း အင်တာနေရှင်နယ်မြန်မာလီမိတက်(MyTel)အနေနဲ့ GSM စခန်းခြောက်ခုကိုလည်းကောင်း အသီးသီးဖွင့်လှစ်ထားရှိပြီးတော့ မိုဘိုင်းဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက် ပေးလျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့်တင်ပြခွင့်ပြုပါခင်ဗျား။ ဒီပုံကတော့ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်အတွင်း ဆက်သွယ်ရေးအော်ပရေတာများက ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိတဲ့ CDMA-450 $MH_Z$ မိုဘိုင်းစခန်းတစ်ခုနှင့် GSM မိုဘိုင်းစခန်း ၄၇ ခု စုစုပေါင်း မိုဘိုင်းစခန်း ၄၈ ခုတို့ရဲ့ တည်နေရာပြ မြေပုံကြမ်းပဲ ဖြစ်ပါတယ်။ လိုင်စင်ရပြည်တွင်း/ပြည်ပဆက်သွယ်ရေးအော်ပရေတာများအနေနဲ့ တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများအပါအဝင် ကျေးလက်ဒေသများရှိ ပြည်သူများ၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအစရှိသော ကိစ္စရပ်များ၌ အဆင်ပြေလွယ်ကူစွာဆောင်ရွက်နိုင်ရန်အတွက် ဆက်သွယ်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေမည့်လုပ်ငန်းစဉ်များဖြစ်တဲ့ ဆက်သွယ်ရေးကွန်ရက်များတိုးချဲ့ ခြင်း၊ မိုဘိုင်းဆက်သွယ်ရေးစခန်းများ တိုးချဲ့တည်ဆောက်ခြင်းတို့ကို စီစဉ်ဆောင်ရွက်လျက်ရှိပါ တယ်။ မိုဘိုင်းစခန်းများတည်ဆောက်ရာမှာ မြေနေရာရရှိနိုင်မှုအခြေအနေ၊ အဝေးဆက်သွယ်ရေး ဆက်ကြောင်းဖြစ်တဲ့(မိုက္ကရိုဝေ့ဗ်၊ ဖိုင်ဘာ၊ ဂြိုလ်တု)ဆက်ကြောင်းများ ချိတ်ဆက်တပ်ဆင်နိုင်မှု အခြေအနေ၊ မြေပြင်အခြေအနေ၊ ရာသီဥတုအခြေအနေ၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုအခြေ

အနေ၊ လျှပ်စစ်ဓာတ်အားရရှိနိုင်မှုအခြေအနေ၊ လူဦးရေသိပ်သည်းမှု၊ ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်နှင့် ပြန်လည်ရရှိမည့်ဝင်ငွေအခြေအနေ စသည်တို့အပေါ် မူတည်ပြီးတော့ စီစဉ်ဆောင်ရွက်တာဖြစ်ပါတယ်။ အခုလွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ ရမ်းပြဲမြို့နယ်၊ ကျောက်ချောင်းတိုက်နယ်ရှိ ကန်တော့ပြင်ကျေးရွာနှင့် သာစည်ပြင်ကျေးရွာကြားရှိ တန့်လန်းတောင်ပေါ်မှာ ဆက်သွယ်ရေးတာဝါတိုင်တစ်ခုတည်ဆောက်ပေးရန်နှင့်စပ်လျဉ်းပြီးတော့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ကန်တော့ပြင်ကျေးရွာအနီး ၁/၂၄ မိုင်အကွာမှာရှိတဲ့ ကုန်ဘောင်ကျေးရွာမှာ GSM စခန်းတစ်ခုကို ၂၀-၁၀-၂၀၁၅ ရက်နေ့မှ ဖွင့်လှစ်ပေးထားခဲ့ပြီးဖြစ်ပါတယ်။ ဆက်သွယ်ရေးအော်ပရေတာများအနေနဲ့ တန့်လန်းတောင်ပေါ်တွင် ဆက်သွယ်ရေးတာဝါတိုင် တစ်ခုတည်ဆောက်ပေးနိုင်ရန်မှာ ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်နှင့် ပြန်လည်ရရှိမည့်ဝင်ငွေ (Return on Investment) အခြေအနေအရ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးကြောင်း သိရှိရပါတယ်။

သို့ရာတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံအတွင်းရှိ အခြေခံဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျနေတဲ့နယ်မြေဒေသများမှာ အခြေခံဆက်သွယ်ရေးအဆောက်အအုံများ တိုးချဲ့တည်ဆောက်နိုင်ရန်နှင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများပိုမိုကျယ်ပြန့်ကောင်းမွန်စေနိုင်မည့်အစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန်အတွက် ဆက်သွယ်ရေး အော်ပရေတာများက အချိုးကျထည့်ဝင်ထားတဲ့ အခြေခံဆက်သွယ်ရေး လိုအပ်ချက်ဖြည့်ဆည်းခြင်းဆိုင်ရာရန်ပုံငွေ Universal Service Fung(USF)ရဲ့ သတ်မှတ်စည်းမျဉ်းစည်းကမ်းများအရ ဘဏ္ဍာရေးနှစ်အလိုက် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပေါက်တောမြို့နယ်၊ ပင်လယ်ကမ်းစပ်ဒေသအချို့တွင် တယ်လီဖုန်းဆက်သွယ်ရေး ကောင်းမွန်လာအောင် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကျော်ဇံ(ပေါက်တောမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များကို ရိုသေစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပေါက်တောမဲဆန္ဒနယ်က ဦးအောင်ကျော်ဇံ ဖြစ်ပါတယ်။ Power Point ပြပါခင်ဗျား။ ကျွန်တော့်မေးခွန်းကတော့ ပေါက်တောမြို့နယ်၊ ပင်လယ်ကမ်းစပ်ဒေသအချို့မှာ ဆက်သွယ်ရေးတာဝါတိုင်များ မရှိ၍လည်းကောင်း၊ ရှိသော်လည်းပဲ တစ်တိုင်နှင့်တစ်တိုင်

အလှမ်းကွာဝေးတဲ့အပြင် ကြားခံအတားအဆီးများကြောင့်လည်းကောင်း တယ်လီဖုန်းဆက်သွယ်ရေး မကောင်းဘဲ ရှိခဲ့ပါတယ်။ အဆိုပါ တယ်လီဖုန်းဆက်သွယ်ရေးမကောင်းတဲ့နေရာများကို ကောင်းလာအောင် ဘယ်လိုစီမံဆောင်ရွက်ပေးမလဲဆိုတဲ့မေးခွန်း ဖြစ်ပါတယ်။ ရည်ရွယ်ချက် ကတော့ တယ်လီဖုန်းတာဝါတိုင် တိုးချဲ့ပေးဖို့ ဖြစ်ပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ကတော့ ပေါက်တောမြို့ဟာ ဧရိယာစတုရန်းမိုင် ၄၁၃ မိုင်ကျယ်ဝန်းပြီး လူဦးရေနှစ်သိန်းနီးပါး နေထိုင်တဲ့ မြို့နယ်တစ်ခု ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်ကစပြီးတော့ နိုင်ငံတော်မှ MPT တယ်လီဖုန်းတိုင် ၃၀ ဖြင့် ဆက်သွယ်ရေးစနစ်ထူထောင်ပေးတဲ့အတွက် မြေပြန့်ဒေသမှာ ကောင်းကြပါတယ်။ အဲဒီလို ကောင်းတဲ့အတွက်လည်း ကျေးဇူးတင်ကြပါတယ်။ ဒါပေမဲ့လည်း မြို့နယ်ရဲ့တောင်ဘက်ခြမ်း ဘင်္ဂလားပင်လယ်အော်နားကို ထိုးထွက်နေတဲ့ ဖရုံကာကျွန်းသုံးကျွန်းလို့ခေါ်တဲ့ ကျွန်းဖျား၊ ကျွန်းနား တွေမှာတော့ တာဝါတိုင်များမရှိ၍လည်းကောင်း၊ ရှိသော်လည်းပဲ တစ်တိုင်နှင့်တစ်တိုင် အလှမ်းဝေး နေတဲ့အတွက်ကြောင့်လည်းကောင်း၊ ကြားခံအတားအဆီးတောင်တန်းတွေရှိ၍လည်းကောင်း၊ စတင်တည်ဆောက်စဉ်ကပင် တယ်လီဖုန်းဆက်သွယ်ရေးမကောင်းဘဲရှိခဲ့ပါတယ်။ အဲဒီဒေသများက လူတွေဟာ နီးစပ်ရာသစ်ပင်ပေါ်တက်၍လည်းကောင်း၊ ကုန်းမြင့်ဒေသ ဘုန်းကြီးကျောင်းအမြင့်ဒေသ သို့သွား၍လည်းကောင်း ဆက်သွယ်ကြရပါတယ်။ ဆက်သွယ်ရေးမကောင်းတဲ့နေရာများမှာ ရှည်ရှည်မျောမျောကျွန်းဖျားဒေသများ ဖြစ်ပါတယ်။ ကျွန်းများရဲ့အလယ်ကြောတစ်လျှောက် တောင်ကုန်းတောင်တန်းများဟာ ကြားခံအဖြစ်ရှိနေပါတယ်။ ယင်းတောင်ကုန်းတောင်တန်းများရဲ့ တစ်ဖက်တစ်ချက်စီမှာ ရွာတွေအများကြီးရှိပြီးတော့မှ ရေလုပ်ငန်း၌ အသက်မွေးကြသူများ ဖြစ်ပါ တယ်။ သူတို့သည် ငါးဖမ်းရန်အလို့ငှာ ပင်လယ်သို့ ရာသီမရွေးထွက်ခွာကြရပါတယ်။ အဲဒီလိုနီးစပ်ရာ ရွာတွေရဲ့စာရင်းကို တင်ပြပါအတိုင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် တယ်လီဖုန်းက မိုးလေဝသ အင်တာနက်သတင်းအချက်အလက်များကို အသုံးပြုပြီးတော့မှ ဘေးအန္တရာယ်ကို ရှောင်ရှားရင်းနဲ့ ငါးရှာထွက်ကြရတဲ့ အနေအထားရှိပါတယ်။ တာဝါတိုင်များကတော့ Telenor၊ Ooredoo၊ Mytel၊ MPT စသည်အားဖြင့် အစုံလင် ၅၃ တိုင်ရှိသော်လည်းပဲ တင်ပြပါနေရာများကတော့ ကျွန်းဖျား၊ ကျွန်းနားကို မရောက်ဘူးဖြစ်နေပါတယ်။ အဲဒါကြောင့် ကျွန်းဖျား၊ ကျွန်းနားကို ရောက်အောင်လို့ ကမ်းစပ်ဒေသများမှာ တာဝါတိုင်များရှိအောင် ဆောင်ရွက်ပေးဖို့ တင်ပြလိုခြင်းဖြစ်ပါတယ်။ ကျွန်းဖျား၊ ကျွန်းနားအပေါ်ပိုင်း(မြောက်ပိုင်း)မှာတော့ တာဝါတိုင် ၃၀ ခု၊ ၄၀ ခုလောက် အဲဒီဘက်မှာ ရှိနေပါတယ်။ ကျွန်တော် အနီးရောင်နဲ့ပြတဲ့ အောက်ပိုင်းကတော့ တာဝါတိုင်တွေ အင်မတန်နည်းပြီး တော့မှ ပင်လယ်ကမ်းနားဒေသဖြစ်တဲ့အတွက် အခက်အခဲရှိနေတယ်ဆိုတဲ့အကြောင်း တင်ပြလိုခြင်း

ဖြစ်ပါတယ်။ အဲဒီ အခက်အခဲရှိတဲ့ရွာတွေကတော့ ဒီရွာတွေတော်တော်များများရှိနေပါတယ်။ အဲဒါကြောင့် နိဂုံးချုပ်အနေနဲ့ ကျွန်တော်တင်ပြလိုတာကတော့ တယ်လီဖုန်းဆက်သွယ်ရေးမကောင်းတဲ့ ဒေသများမှာ တယ်လီဖုန်းဆက်သွယ်ရေးကောင်းမွန်လာအောင် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသာဦး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီးတော့ ရခိုင်ပြည်နယ်၊ ပေါက်တောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံ၏ ပေါက်တောမြို့နယ်၊ ပင်လယ်ကမ်းစပ်ဒေသအချို့တွင် ဆက်သွယ်ရေးတာဝါတိုင်များ မရှိ၍လည်းကောင်း၊ ရှိပါသော်လည်း တစ်တိုင်နှင့်တစ်တိုင် အလှမ်းဝေးသည့်အပြင် ကြားခံသဘာဝ အတားအဆီးများကြောင့်လည်းကောင်း၊ တယ်လီဖုန်းဆက်သွယ်ရေးမကောင်းပါသဖြင့် တယ်လီဖုန်းဆက်သွယ်ရေးကောင်းမွန်လာအောင် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအပေါ် ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)အနေနဲ့ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်အတွင်းမှာ GSM စခန်း ၃၁ ခုကိုလည်းကောင်း၊ တယ်လီနောမြန်မာလီမိတက်(Telenor)အနေနဲ့ GSM စခန်း ၁၄ ခုကိုလည်းကောင်း၊ အော်ရီဒူးမြန်မာလီမိတက်(Ooredoo)အနေနဲ့ GSM စခန်းရှစ်ခုကိုလည်းကောင်း၊ တယ်လီကွန်းအင်တာနေရှင်နယ်မြန်မာလီမိတက်(MyTel)အနေနဲ့ GSM စခန်း ၁၄ ကိုလည်းကောင်း အသီးသီးဖွင့်လှစ်ထားရှိပြီးတော့ မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းမေးမြန်းချက်မှာပါရှိတဲ့ ပေါက်တောမြို့နယ်၊ ပင်လယ်ကမ်းစပ်ရှိကျေးရွာအုပ်စုများဖြစ်သော ကျောက်စုကျေးရွာအုပ်စု၊ ဗျိုင်းသစ်ကျေးရွာအုပ်စု၊ မြောက်ပြင်ကျေးရွာအုပ်စု၊ ဖားဒူကျေးရွာအုပ်စု၊ ပြိုင်းတောင်ကျေးရွာအုပ်စု၊ ဂြင်းချောင်းကျေးရွာအုပ်စုတို့အနက် ကျောက်စုကျေးရွာအုပ်စုအတွင်း၌ပါရှိတဲ့ မောက်ပြားကျေးရွာမှာ MPT က GSM စခန်းတစ်ခုကိုလည်းကောင်း၊ မြောက်ပြင်ကျေးရွာအုပ်စုအတွင်းရှိ ချော်ချောင်းကျေးရွာတွင်

MPT က GSM စခန်းတစ်ခုနှင့် လေညှင်းသာကျေးရွာတွင် Ooredoo က GSM စခန်းတစ်ခုကို လည်းကောင်း၊ ပြိုင်းတောင်ကျေးရွာအုပ်စုအတွင်းရှိ ပြိုင်းတောင်ကျေးရွာတွင် MPT၊ Telenor နှင့် Ooredoo တို့က GSM စခန်းတစ်ခုစီကိုလည်းကောင်း၊ တောင်ရွာကျေးရွာတွင် MPT က GSM စခန်း တစ်ခုနှင့် စိုးမဲကျီ(ရွာဟောင်း)ကျေးရွာတွင် Ooredoo က GSM စခန်းတစ်ခုကိုလည်းကောင်း အသီးသီးဖွင့်လှစ်ထားရှိခဲ့ပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့်တင်ပြခွင့်ပြုပါခင်ဗျား။ တင်ပြပါ ပုံကတော့ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်အတွင်း ဆက်သွယ်ရေးအော်ပရေတာအသီးသီးက ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိတဲ့ GSM မိုဘိုင်းစခန်းများ တည်နေရာပြမြေပုံပဲ ဖြစ်ပါတယ်။ လိုင်စင်ရ ပြည်တွင်း၊ ပြည်ပ ဆက်သွယ်ရေးအော်ပရေတာများ အနေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့ကြီးများအပါအဝင် ကျေးလက်ဒေသများရှိ ပြည်သူများ ရဲ့ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအစရှိတဲ့ကိစ္စများမှာ အဆင်ပြေလွယ်ကူစွာဆောင်ရွက်နိုင်ဖို့ အတွက် ဆက်သွယ်ရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေမယ့် လုပ်ငန်းစဉ်များဖြစ်တဲ့ ဆက်သွယ်ရေးကွန်ရက်များ တိုးချဲ့ခြင်း၊ မိုဘိုင်းဆက်သွယ်ရေးလုပ်ငန်းများတိုးချဲ့တည်ဆောက်ခြင်း တို့ကို စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ မိုဘိုင်းစခန်းများတည်ဆောက်ရာမှာ မြေနေရာရရှိနိုင်မှု အခြေအနေ၊ အဝေးဆက်သွယ်ရေးဆက်ကြောင်း(မိုက္ကရိုဝေ့ဗ်၊ ဖိုင်ဘာ၊ ဂြိုလ်တု)များ ချိတ်ဆက် တပ်ဆင်နိုင်မှုအခြေအနေ၊ မြေပြင်အခြေအနေ၊ ရာသီဥတုအခြေအနေ၊ နယ်မြေဒေသတည်ငြိမ် အေးချမ်းမှုအခြေအနေ၊ လျှပ်စစ်ဓာတ်အားရရှိနိုင်မှုအခြေအနေ၊ လူဦးရေသိပ်သည်းမှု၊ ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ်နှင့် ပြန်လည်ရရှိနိုင်မယ့်ဝင်ငွေအခြေအနေစသည်တို့အပေါ်မူတည်ပြီးတော့ စီစဉ် ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

ဆက်သွယ်ရေးအော်ပရေတာများအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့မေးမြန်း ချက်ပါ ပေါက်တောမြို့နယ်အတွင်း ပင်လယ်ကမ်းစပ်ရှိ ကျေးရွာအုပ်စုခြောက်ခုတို့အနက်မှ ကျောက်စုကျေးရွာအုပ်စု၊ မြောက်ပြင်ကျေးရွာအုပ်စုနှင့် ဗျိုင်းတောင်ကျေးရွာအုပ်စုတို့မှာ GSM စခန်း များကို တည်ဆောက်ထားပြီးဖြစ်သော်လည်းပဲ ဗျိုင်းသစ်ကျေးရွာအုပ်စု၊ ဖားဒူကျေးရွာအုပ်စုနှင့် ငြင်းချောင်းကျေးရွာအုပ်စုအစရှိတဲ့ ကျေးရွာအုပ်စုသုံးအုပ်စုမှာ မိုဘိုင်းဆက်သွယ်ရေးစခန်းများ တည်ဆောက်ပေးရန် လောလောဆယ်အစီအစဉ်မရှိသေးကြောင်း သိရှိရပါတယ်။ သို့ရာတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံအတွင်းရှိ အခြေခံဆက်သွယ်ရေးဖွံ့ဖြိုး

တိုးတက်မှုနိမ့်ကျနေသည့်နယ်မြေဒေသများ(Underserved/Unserved area)များမှာ အခြေခံဆက်သွယ်ရေးအဆောက်အအုံများ တိုးချဲ့တည်ဆောက်နိုင်ရန်နှင့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ပိုမို ကျယ်ပြန့်ကောင်းမွန်စေနိုင်မယ့် အစီအစဉ်များချမှတ်ဆောင်ရွက်နိုင်ရန်အတွက် ဆက်သွယ်ရေးအော်ပရေတာများက အချိုးကျထည့်ဝင်ထားတဲ့ အခြေခံဆက်သွယ်ရေးလိုအပ်ချက်ဖြည့်ဆည်းခြင်းဆိုင်ရာရန်ပုံငွေ(Universal Service Fund–USF)၏ သတ်မှတ်စည်းမျဉ်းစည်းကမ်းများအရ ဘဏ္ဍာရေးနှစ်အလိုက် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးခြင်း၊ ဥပဒေကကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းကို ၂၃-၃-၂၀၂၀ ရက်နေ့တွင် လက်ခံရရှိပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေပေးထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာ တင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဝေဖြိုးအောင်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ

အားလုံးမင်္ဂလာပါ။   ကျွန်တော်ကတော့ သာကေတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝေဖြိုးအောင် ဖြစ်ပါတယ်။ ဥပဒေကြီးကော်မတီ အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။ ကော်မတီရဲ့ တာဝန်ပေးချက်အရ အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ-ဥပဒေကြမ်း/ ၂၀၂၀ -၉၅

ရက်စွဲ၊ ၂၀၂၀ပြည့်နှစ်၊ ဇူလိုင်လ ၁၁ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာအား တင်ပြခြင်း၊**

ရည် ညွှန်း ချက်။ အမျိုးသားလွှတ်တော်၏ ၂၃-၃-၂၀၂၀ ရက်စွဲပါ စာအမှတ် ၁/အမ(ကော်မတီ-၁) ၁/၂၀၂၀-၀၉၇

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့သော မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၇-၂-၂၀၂၀ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၂၃-၃-၂၀၂၀ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါတယ်။

၂။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံဆက်သွယ်ရေး ကော်မရှင် ဥပဒေကြမ်းအား အောက်ဖော်ပြပါရည်ရွယ်ချက်များကိုအခြေခံ၍ ရေးဆွဲလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ် –

(က) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍ၊ စာပို့တိုက်ကဏ္ဍတို့ကို စနစ်တကျကြီးကြပ်ကွပ်ကဲမည့် လွတ်လပ်သောအဖွဲ့အစည်း တစ်ရပ်ပေါ်ထွန်းလာစေရန်၊

(ခ) နည်းပညာနှင့်ကျွမ်းကျင်မှုကို အခြေခံသည့်မျှတ၍ ပွင့်လင်းမြင်သာမှုရှိသော ဆုံးဖြတ်ချက်များကို ဥပဒေနှင့်အညီ လွတ်လပ်စွာချမှတ်နိုင်ရန်၊

(ဂ) နိုင်ငံတော်၏သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဝန်ဆောင်မှု လုပ်ငန်းများတွင် ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံသူများနှင့် သုံးစွဲသူများ၏ ယုံကြည်မှုကိုရရှိစေရန်၊

(ဃ) အခြားနိုင်ငံများနည်းတူ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာကဏ္ဍကို စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန် လွတ်လပ်သောဆက်သွယ်ရေးကော်မရှင်ကဏ္ဍ တစ်ရပ်ကို ဥပဒေနှင့်အညီ မြန်မာနိုင်ငံတွင်လည်း ဖွဲ့စည်းနိုင်ရန်၊

(င) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍကိုစနစ်တကျကြီးကြပ် ကွပ်ကဲမည့် လွတ်လပ်သောအဖွဲ့အစည်းတစ်ရပ်ပေါ်ထွန်းလာပြီး ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများဖြင့် နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာ အထောက်အကူပြုနိုင်စေရန်၊

(စ) ၂၀၁၃ ခုနှစ်၊ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၈၆ အရ ဆက်သွယ်ရေး ဥပဒေပါလုပ်ငန်း တာဝန်များကို ဆောင်ရွက်နိုင်ရန်၊

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၆-၇-၂၀၂၀ ရက် (တနင်္လာနေ့)တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စု ရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ Video Conferencing စနစ်ဖြင့်လည်းကောင်း၊ ၇-၇-၂၀၂၀ ရက် (အင်္ဂါနေ့)တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပို့ဆောင်ရေး၊ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း၊ ၈-၇-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့)နှင့် ၁၀-၇-၂၀၂၀ ရက် (သောကြာနေ့)တို့တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလ အခွင့်အရေးဆိုင်ရာကော်မတီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် လည်းကောင်း ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့် မူ (၁၂) ချက် နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို လွှတ်တော်သို့အစီရင်ခံ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာ အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။]

# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊၀၅/ပသ – ဥပဒေကြမ်း/ ၂၀၂၀- ၉၅

ရက် စွဲ ၊ ၂ ၀ ၂ ၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၁ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက်။ အမျိုးသားလွှတ်တော်၏ ၂၃-၃-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၁/အမ (ကော်မတီ-၁) ၁/၂၀၂၀ – ၀၉၇

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့သော **မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်း** ကို အမျိုးသားလွှတ်တော်၌ ၇-၂-၂၀၂၀ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၂၃-၃-၂၀၂၀ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် **မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင်ဥပဒေကြမ်း**အား အောက်ဖော်ပြပါ ရည်ရွယ်ချက်များကို အခြေခံ၍ ရေးဆွဲလာခြင်း ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်–

(က) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍ၊

စာပို့တိုက်ကဏ္ဍတို့ကို စနစ်တကျ ကြီးကြပ်ကွပ်ကဲမည့် လွတ်လပ်သော အဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းလာစေရန်၊

(ခ) နည်းပညာနှင့် ကျွမ်းကျင်မှုကို အခြေခံသည့် မျှတ၍ ပွင့်လင်းမြင်သာမှုရှိသော ဆုံးဖြတ်ချက်များကို ဥပဒေနှင့်အညီ လွတ်လပ်စွာ ချမှတ်နိုင်ရန်၊

(ဂ) နိုင်ငံတော်၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဝန်ဆောင်မှု လုပ်ငန်းများတွင် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူများနှင့် သုံးစွဲသူများ၏ ယုံကြည်မှုကို ရရှိစေရန်၊

(ဃ) အခြားနိုင်ငံများနည်းတူ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ကဏ္ဍကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန် လွတ်လပ်သော ဆက်သွယ်ရေး ကော်မရှင်တစ်ရပ်ကို ဥပဒေနှင့်အညီ မြန်မာနိုင်ငံတွင်လည်း ဖွဲ့စည်းနိုင်ရန်၊

(င) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာကဏ္ဍကို စနစ်တကျ ကြီးကြပ်ကွပ်ကဲမည့် လွတ်လပ်သော အဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းလာပြီး ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများဖြင့် နိုင်ငံတော်၏ စျေးကွက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာအထောက်အကူပြုနိုင်စေရန်၊

(စ) ၂၀၁၃ ခုနှစ်၊ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၈၆ အရ ဆက်သွယ်ရေးဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၆-၇-၂၀၂၀ ရက် (တနင်္လာနေ့)တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ Video Conferencing စနစ်ဖြင့် လည်းကောင်း၊ ၇-၇-၂၀၂၀ ရက် (အင်္ဂါနေ့)တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့် အရေးဆိုင်ရာကော်မတီ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ

နှင့်လည်းကောင်း၊ ၈-၇-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့)နှင့် ၁၀-၇-၂၀၂၀ ရက် (သောကြာနေ့)တို့တွင် ပြည်သူ့လွှတ်တော်နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ (၁၂) ချက်နှင့် အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်း**တွင် အခန်း (၁၁) ခန်းနှင့် အပိုဒ်ပေါင်း ၆၂ ပိုဒ် ပါရှိပါသည်။

(ခ) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် အချက် (၇၄) ချက် ကို သဘောတူလက်ခံပါသည်။

(ဂ) ဥပဒေခေါင်းစဉ်းရှိ ၁၃၈၁ ခုနှစ် ဆိုသည့်စကားရပ်ကို ၁၃၈၂ ခုနှစ် ဟု ပြင်ဆင်ပါသည်။

(ဃ) အခန်း (၁) အပိုဒ် ၁ အပိုဒ်ခွဲ (ခ) ရှိ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် နေ့ရက်မှ ဆိုသည့်စကားရပ်ကို အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့်နေ့မှ ဟု ပြင်ဆင်ပါသည်။

(င) အပိုဒ် ၂ အပိုဒ်ခွဲ (င) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(င) **သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ဥပဒေများ** ဆိုရာတွင် ဆက်သွယ်ရေးဥပဒေ၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ ကဏ္ဍနှင့် သက်ဆိုင်သောဥပဒေများ၊ စာပို့တိုက် ကဏ္ဍနှင့်သက်ဆိုင်သော ဥပဒေများ ပါဝင်သည်။

(စ) အပိုဒ် ၂ အပိုဒ်ခွဲ (စ) ရှိ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ဥပဒေများနှင့်အညီ ဆိုသည့် စကားရပ်ရှေ့တွင် ဤဥပဒေနှင့် ဆိုသည့် စကားရပ်ကို ဖြည့်စွက်ပါသည်။

(ဆ) အပိုဒ် ၂ အပိုဒ်ခွဲ (ဆ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဆ) **ခွင့်ပြုချက်**ဆိုသည်မှာ ဤဥပဒေနှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ဥပဒေများနှင့်အညီ ထုတ်ပေးသော ခွင့်ပြုချက်များကို ဆိုသည်။

(ဇ) အပိုဒ် ၂ အပိုဒ်ခွဲ (ဇ) ရှိ ဤဥပဒေနှင့် ဆိုသည့်စကားရပ်ကို ပယ်ဖျက်ပါသည်။

(ဈ) အပိုဒ် ၂ အပိုဒ်ခွဲ (ည) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ည) **သဘောတူစာချုပ်**ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များကိုဆိုသည်။ ယင်းစကားရပ်တွင်အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်း အချင်းချင်းအကြားသော်လည်းကောင်း၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်း တစ်ခုခုနှင့် ပြည်ပနိုင်ငံတစ်ခုခု၏အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊အစိုးရမဟုတ်သော အဖွဲ့အစည်းတို့အကြားသော်လည်းကောင်း ချုပ်ဆိုသည့် သဘောတူညီချက်နှင့် နားလည်မှုစာချွန်လွှာတို့လည်း ပါဝင်သည်။

(ည) အခန်း (၃) အပိုဒ် ၄ ခေါင်းစဉ်နှင့် အပိုဒ်ခွဲ (က) ကို အဆိုပြုပြင်ဆင်ချက်အတိုင်း ထားရှိပါသည်။

(ဋ) အပိုဒ် ၄ အပိုဒ်ခွဲ (ခ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) ကော်မရှင်ကိုဆက်သွယ်ရေးနှင့်သတင်း အချက်အလက် နည်းပညာဆိုင်ရာ ပညာရှင်၊ဥပဒေပညာရှင်နှင့် စီးပွားရေးပညာရှင်များ ပါဝင်သော အဖွဲ့ဝင် ငါးဦး ဖြင့် ဖွဲ့စည်းရမည်။

(ဌ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၄ အပိုဒ်ခွဲ (ဂ) နှင့် (ဃ) တို့ကို ပယ်ဖျက်ပါသည်။

(ဍ) အမျိုးသားလွှတ်တော်က ပယ်ဖျက်ထားသည့် အဆိုပြုပြင်ဆင်ချက် အပိုဒ် ၄ အပိုဒ်ခွဲ (ဂ) နှင့် (ဃ) တို့ကို အဆိုပြုပြင်ဆင်ချက်အတိုင်း ပြန်လည်ထားရှိပါသည်။

(ဎ) အပိုဒ် ၅ အပိုဒ်ခွဲ (က) ရှိ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ဆိုသည့်စကားရပ်ကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တစ်ဦး ဟု ပြင်ဆင်ပါသည်။

(ဏ) အမျိုးသားလွှတ်တော်က ပယ်ဖျက်ထားသည့် အဆိုပြုပြင်ဆင်ချက် အပိုဒ် ၇ အပိုဒ်ခွဲ (ခ) အပိုဒ်ခွဲငယ် (၁) ကို အဆိုပြုပြင်ဆင်ချက်အတိုင်း ပြန်လည်ထားရှိပါ သည်။

(တ) အပိုဒ် ၈ အပိုဒ်ခွဲ (က) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) ပုဒ်မ ၇ ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ကော်မရှင်အဖွဲ့ဝင်လောင်း အဆို ပြုလွှာများကို သတင်းမီဒီယာများနှင့်ဦးစီးဌာန သို့မဟုတ် ကော်မရှင်၏ ဝက်ဘ်ဆိုက်များမှတစ်ဆင့် ခေါ်ယူရမည်။

(ထ) အပိုဒ် ၈ အပိုဒ်ခွဲ (ဂ) အပိုဒ်ခွဲငယ် (၂) ရှိ ဗဟုသုတနှင့် ပြည့်စုံသူ ဆိုသည့် စကားရပ်ကို လုပ်ငန်းအတွေ့အကြုံရှိသူ ဟု ပြင်ဆင်ပါသည်။

(ဒ) အပိုဒ် ၉ အပိုဒ်ခွဲ (က) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) ပုဒ်မ ၈ အရ စိစစ်ပြီးနောက် အရည်အချင်းသတ်မှတ်ချက်နှင့် ကိုက်ညီသူ များကို ဦးစားပေး အစီအစဉ်အလိုက် မိမိ၏ သဘောထားမှတ်ချက်နှင့် အတူ နိုင်ငံတော်သမ္မတထံ အဆိုပြုတင်ပြရမည်။

(ဓ) အပိုဒ် ၉ အပိုဒ်ခွဲ (ခ) ရှိ နိုင်ငံတော်သမ္မတထံသို့ ဆိုသည့်စကားရပ်ကို နိုင်ငံတော်သမ္မတထံ ဟု ပြင်ဆင်ပါသည်။

(န) အပိုဒ် ၁၀ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၀။ နိုင်ငံတော်သမ္မတသည် ရွေးချယ်ရေးကော်မတီမှ အဆိုပြုတင်ပြလာသည့် ကော်မရှင် အဖွဲ့ဝင်လောင်းများထဲမှ သင့်လျော်သည့် ပုဂ္ဂိုလ်များကို အဖွဲ့ဝင်များ အဖြစ် ရွေးချယ်ခန့်အပ်ရမည်။ ယင်းတို့ထဲမှ သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရမည်။

(ပ) အမျိုးသားလွှတ်တော်က ပယ်ဖျက်ထားသည့် အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၁ အပိုဒ်ခွဲ (ခ) ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ပြန်လည်ထားရှိပါ သည်။

(ဖ) အခန်း (၄) အပိုဒ် ၁၇ ခေါင်းစဉ်နှင့် အပိုဒ်ခွဲ (က) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၇။ ကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်

(က) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ မူဝါဒ များနှင့်စပ်လျဉ်း၍ **ပြည်ထောင်စုအစိုးရသို့ အကြံပြုတင်ပြခြင်း၊**

(ဗ) အပိုဒ် ၁၇ အပိုဒ်ခွဲ (ဂ) ရှိ ဆက်သွယ်ရေးနှင့် စာတိုက် ဝန်ဆောင်မှုများကို ဆိုသည့် စကားရပ်ကို ဆက်သွယ်ရေးနှင့် စာပို့တိုက် ဝန်ဆောင်မှုများကို ဟု ပြင်ဆင် ပါသည်။

(ဘ) အပိုဒ် ၁၇ အပိုခွဲ (စ) နှင့် (ဆ) တို့ရှိ စာတိုက်ဝန်ဆောင်မှုလုပ်ငန်း ဆိုသည့် စကားရပ်ကို စာပို့တိုက် ဝန်ဆောင်မှုလုပ်ငန်း ဟု ပြင်ဆင်ပါသည်။

(မ) အပိုဒ် ၁၇ အပိုဒ်ခွဲ (ဃ) ရှိ နိုင်ငံတော်၏တာဝန်များကိုဆိုသည့် စကားရပ်ကို နိုင်ငံတော်၏သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ကဏ္ဍဆိုင်ရာ တာဝန်များကို ဟု ပြင်ဆင်ပါသည်။

(ယ) အပိုဒ် ၁၇ အပိုဒ်ခွဲ (တ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(တ) နိုင်ငံတော်နှင့် ပြည်သူတို့ နစ်နာမှုမရှိ စေရေးအတွက် လိုင်စင်၊ ခွင့်ပြုချက်၊ အသိအမှတ်ပြု လက်မှတ်ရရှိသည့်သူများ၊ လုပ်ငန်းများအပေါ် စောင့်ကြည့် အကဲဖြတ်ခြင်း၊

(ရ) အပိုဒ် ၁၈ ခေါင်းစဉ်ကို ကော်မရှင်၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်- ဟု ပြင်ဆင်ပါသည်။

(လ) အပိုဒ် ၁၈ အပိုဒ်ခွဲ (ည) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ည) သက်တမ်းအရ ပယ်ဖျက်ရမည့် ကော်မရှင်ပိုင်ပစ္စည်းများကို ဘဏ္ဍာရေး စီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းနှင့်အညီ စာရင်းရှင်းလင်းပယ်ဖျက်ခြင်း။

(ဝ) အခန်း (၅) ခေါင်းစဉ်ကို **ကော်မရှင် အစည်းအဝေးကျင်းပခြင်း** ဟု ပြင်ဆင် ပါသည်။

(သ) အပိုဒ် ၁၉ ရှိ လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဆိုသည့် စကားရပ်ကို လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန် ဟု ပြင်ဆင်ပါသည်။

(ဟ) အပိုဒ် ၂၀ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၂) (၃) နှင့် (၄) တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က)(၂) ယင်းထုတ်ဖော် ပြောဆိုချက်များကို အစည်းအဝေး မှတ်တမ်းတွင် မှတ်တမ်းတင်ထားရမည်။

(၃) သက်ဆိုင်သည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင်ဖြစ်စေ၊ ဆုံးဖြတ်ချက်ချရာတွင်ဖြစ်စေ ထိုပုဂ္ဂိုလ်ကို ပါဝင်ဆောင်ရွက်ခြင်းမရှိစေရ။

(၄) ထိုပုဂ္ဂိုလ်ကို ကော်မရှင်အစည်းအဝေး အထမြောက်စေရန် လိုအပ်သော အဖွဲ့ဝင်အဖြစ် ထည့်သွင်းရေတွက်ခြင်း မရှိစေရ။

(ဠ) အပိုဒ် ၂၀ အပိုဒ်ခွဲ (ခ) ရှိ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(က) ပါကိစ္စရပ်များသည် ဆိုသည့် စကားရပ်ကို ပုဒ်မခွဲ(က) ပါကိစ္စရပ်များသည် ဟု ပြင်ဆင်ပါသည်။

(အ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၂၁ နှင့် ၂၂ တို့ကို ပယ်ဖျက်ပါသည်။

( - ) အခန်း (၆) ခေါင်းစဉ်ကို **ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ နုတ်ထွက်ခြင်း ရပ်စဲခြင်း နှင့် ဖြည့်စွက်ခန့်ထားခြင်း** ဟု ပြင်ဆင်ပါသည်။

( – ) အပိုဒ် ၂၅ အပိုဒ်ခွဲ (ခ) ကို အပိုဒ် ၂၃ အပိုဒ်ခွဲ (ခ) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ အသိအမှတ်ပြု လက်မှတ်ရရှိသူ ပုဂ္ဂိုလ်တစ်ဦးဦးထံမှ သော်လည်းကောင်း ဆိုသည့် စကားရပ်ကို အသိအမှတ်ပြုလက်မှတ် ရရှိသူတစ်ဦးဦးထံမှ သော်လည်း ကောင်း ဟု ပြင်ဆင်ပါသည်။

( – ) အပိုဒ် ၂၆ ခေါင်းစဉ်နှင့် အပိုဒ်ခွဲ (က) တို့ကို အပိုဒ် ၂၄ ခေါင်းစဉ်နှင့် အပိုဒ်ခွဲ (က) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၂၄။ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးသည် အောက်ဖော်ပြပါ အချက်တစ်ရပ်ရပ် ဖြစ်ပေါ်ခဲ့ပါက တာဝန်နှင့် အဖွဲ့ဝင်အဖြစ်မှ ရပ်စဲသည် –

(က) သေဆုံးခြင်း၊

( – ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၂၆ အပိုဒ်ခွဲ (ဂ) ကို ပယ်ဖျက်ပါသည်။

( – ) အပိုဒ် ၂၇ ကို အပိုဒ် ၂၅ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

**၂၅။** ကော်မရှင်သည် ပုဒ်မ ၂၄ အရ ရာထူးတာဝန်နှင့် အဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်းကို နိုင်ငံတော်သမ္မတထံ တင်ပြရမည်။

( – ) အပိုဒ် ၂၆ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်–

၂၆။ နိုင်ငံတော်သမ္မတသည် ကော်မရှင်ဥက္ကဋ္ဌ နေရာလစ်လပ်ပါက ကျန်ရှိသည့် ကော်မရှင် အဖွဲ့ဝင်များထဲမှ တစ်ဦးအား ယာယီဥက္ကဋ္ဌအဖြစ် ခန့်အပ်ရမည်။

( – ) အပိုဒ် ၂၈ အပိုဒ်ခွဲ (က) နှင့် (ခ) တို့ကို အပိုဒ် ၂၇ အပိုဒ်ခွဲ (က) နှင့် (ခ) တို့အဖြစ် အောက်ပါ အတိုင်း ပြင်ဆင်ပါသည်–

**(က)** အကြောင်းတစ်စုံတစ်ရာကြောင့် ကော်မရှင် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင် တစ်ဦးဦးနေရာ လစ်လပ်ခြင်းအတွက် ဖြည့်စွက်ခန့်ထားနိုင်ရန် ပုဒ်မ ၁၆ အရ အသစ်ပြန်လည်ဖွဲ့စည်းသည့် ရွေးချယ်ရေးကော်မတီသည် ကော်မတီ ဖွဲ့စည်းပြီး ရက်ပေါင်း ၉၀ အတွင်း ပုဒ်မ ၉ နှင့် အညီ ရွေးချယ်ထားသည့် ကော်မရှင်

အဖွဲ့ဝင်လောင်း အမည်စာရင်းအား နိုင်ငံတော်သမ္မတထံ အဆိုပြုတင်ပြရမည်။

(ခ) နိုင်ငံတော်သမ္မတသည် ပုဒ်မခွဲ (က) အရ အဆိုပြုတင်ပြလာသည့် အဖွဲ့ဝင်လောင်းများအနက်မှ သင့်လျော်သူများကို ကော်မရှင်အဖွဲ့ဝင်များအဖြစ် ဖြည့်စွက်ရမည်။ ဥက္ကဋ္ဌနေရာ လစ်လပ်ခြင်း ဖြစ်ပါက ယင်းအဖွဲ့ဝင်များထဲမှ သင့်လျော်သူတစ်ဦးကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရမည်။

( – ) အခန်း (၇) အပိုဒ် ၂၉ အပိုဒ်ခွဲ (က) ကို အပိုဒ် ၂၈ အပိုဒ်ခွဲ (က) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ မူလအတည်ပြုထားသည့် ဖွဲ့စည်းပုံအတိုင်း ဆိုသည့် စကားရပ်ကို မူလဖွဲ့စည်းပုံအတိုင်း ဟု ပြင်ဆင်ပါသည်။

( – ) အပိုဒ် ၃၀ အပိုဒ်ခွဲ (က) ကို အပိုဒ် ၂၉ အပိုဒ်ခွဲ (က) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို ရုံးအဖွဲ့အကြီးအမှူး ဖြစ်သည် ဟု ပြင်ဆင်ပါသည်။

( – ) အပိုဒ် ၃၁ အပိုဒ်ခွဲ (က)ကို အပိုဒ် ၃၀ အပိုဒ်ခွဲ (က) အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

(က) ရုံးအဖွဲ့အကြီးအမှူး၏ လုပ်ငန်းတာဝန်များနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို သတ်မှတ်ပေးရမည်။

( – ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၃၁ အပိုဒ်ခွဲ (ဂ) ကို ပယ်ဖျက်ပါသည်။

( – ) အပိုဒ် ၃၂ ခြေဆင်းကို အပိုဒ် ၃၁ ခြေဆင်းအဖြစ် ရုံးအဖွဲ့အကြီးအမှူးသည် ကော်မရှင်၏ သဘောတူညီချက်ဖြင့်– ဟု ပြင်ဆင်ပါသည်။

( – ) အပိုဒ် ၃၂ အပိုဒ်ခွဲ (ခ) ကို အပိုဒ် ၃၁ အပိုဒ်ခွဲ (ခ) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ တည်ဆဲအလုပ်သမားဆိုင်ရာ ဥပဒေနှင့်အညီ ဆိုသည့်စကားရပ်ကို အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေနှင့်အညီ ဟု ပြင်ဆင်ပါသည်။

( – ) အပိုဒ် ၃၃ အပိုဒ်ခွဲ (ဂ) ကို အပိုဒ် ၃၂ အပိုဒ်ခွဲ (ဂ) အဖြစ် ပြင်ဆင်ပြီး ယင်း အပိုဒ်ခွဲရှိ ဆွေးနွေးပွဲများနှင့် သင်တန်းများ ဆိုသည့်စကားရပ်ကို ဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများနှင့် သင်တန်းများဟု ပြင်ဆင်ပါသည်။

( – ) အပိုဒ် ၃၄ အပိုဒ်ခွဲ (က) ကို အပိုဒ် ၃၃ အပိုဒ်ခွဲ (က) အဖြစ်ပြင်ဆင်ပြီး ယင်း အပိုဒ်ခွဲရှိ ၎င်းတို့၏ဆန္ဒအရ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည့်အခါ ဆိုသည့် စကားရပ်ကို ယင်းတို့၏ဆန္ဒအရ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်သည့်အခါ ဟု ပြင်ဆင်ပါသည်။

( – ) အခန်း (၈) အပိုဒ် ၃၇ အပိုဒ်ခွဲ (က) ကို အပိုဒ် ၃၆ အပိုဒ်ခွဲ (က) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ကနဦးထုတ်ပေးသော မတည်ငွေများ ဆိုသည့်စကားရပ်ကို ကနဦးထုတ်ပေးသော မတည်ငွေများ ဟု ပြင်ဆင်ပါသည်။

( – ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၃၇ အပိုဒ်ခွဲ (ဂ) ကို ပယ်ဖျက်ပါသည်။

( – ) အပိုဒ် ၃၈ ကို အပိုဒ် ၃၇ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

**၃၇။** ကော်မရှင်သည် ဦးစီးဌာနထံမှ လွှဲပြောင်းရယူမည့် နိုင်ငံတော်၏ ပုံသေပိုင်ပစ္စည်းများအား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်အရ ကာလပေါက်ဈေးတန်ဖိုးဖြင့် ခန့်မှန်းတွက်ချက်၍ နိုင်ငံတော်က မတည်ထုတ်ပေးထားသော ငွေစာရင်းတွင် ထည့်သွင်းဖော်ပြရမည်။

( – ) အပိုဒ် ၃၉ ကိုအပိုဒ် ၃၈ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ ဆိုသည့်စကားရပ်ကို ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ ဟု ပြင်ဆင်ပါသည်။

( – ) အပိုဒ် ၄၀ ကို အပိုဒ် ၃၉ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

၃၉။ လက်ရှိဘဏ္ဍာရေးနှစ်အတွင်း ရရှိမည့် ဝင်ငွေများအနက်မှ ပြည်ထောင်စု အစိုးရအဖွဲ့မှ သတ်မှတ်ပေးသည့် ရန်ပုံငွေအား နိုင်ငံတော်သို့ ပေးသွင်းရမည်။

( – ) အပိုဒ် ၄၂ အပိုဒ်ခွဲ (က) ခေါင်းစဉ်၊ အပိုဒ်ခွဲငယ် (၁) နှင့် (၂) တို့ကို အပိုဒ် ၄၁ ခေါင်းစဉ် အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၁) နှင့် (၂) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

**၄၁။**(က) ကော်မရှင်သည် အောက်ပါအသုံးစရိတ်များကို သီးခြားစီထားရှိပြီး သတ်မှတ် ချက်များနှင့်အညီ သုံးစွဲနိုင်သည်–

**(၁)** လုပ်သက်ဆုကြေး၊

**(၂)** ဖွံ့ဖြိုးမှုအသုံးစရိတ်၊

( – ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၄၂ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၃) ကို ပယ်ဖျက်ပါသည်။

( – ) အပိုဒ် ၄၂ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၄) (၅) (၆) (၇) နှင့် (၈) တို့ကို အပိုဒ် ၄၁ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၃) (၄) (၅) (၆) နှင့် (၇) တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

(က) **(၃)** ပင်စင်အသုံးစရိတ်၊

**(၄)** သက်သာချောင်ချိရေးအသုံးစရိတ်၊

**(၅)** သုတေသနအသုံးစရိတ်၊

**(၆)** ဆုကြေးငွေ၊

**(၇)** အခြားလိုအပ်သောအသုံးစရိတ်။

( – ) အပိုဒ် ၄၂ အပိုဒ်ခွဲ (ခ) ကို အပိုဒ် ၄၁ အပိုဒ်ခွဲ (ခ) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ကော်မရှင်၏ သဘောတူညီချက်ဖြင့် ဆုကြေးရန်ပုံငွေမှ ခံစားခွင့်ပြုနိုင်သည်

ဆိုသည့် စကားရပ်ကို **ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်** ခံစားခွင့်ပြုနိုင်သည် ဟု ပြင်ဆင်ပါသည်။

( – ) အပိုဒ် ၄၄ အပိုဒ်ခွဲ (ခ) အပိုဒ်ခွဲငယ် (၂) ကို အပိုဒ် ၄၃ အပိုဒ်ခွဲ (ခ) အပိုဒ်ခွဲငယ် (၂) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ လိုအပ်သည့် အတိုင်းအတာအရ ဆိုသည့် စကားရပ်ကို ပယ်ဖျက်ပါသည်။

( – ) အပိုဒ် ၄၅ ကို အပိုဒ် ၄၄ နှင့် ၄၅ တို့အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

**၄၄။** ကော်မရှင်သည် ဤဥ ပဒေအရ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရေးအတွက် အသုံးစရိတ်လိုအပ်ပါက ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။ ပြည်ထောင်စုလွှတ်တော်က သဘောတူကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ပြန်ကြားစာရရှိသည့်အခါ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများထံမှ ချေးငွေများ ရယူနိုင်ပြီး ယင်းချေးငွေများအတွက် ကော်မရှင်၏ ရန်ပုံငွေမှ ပြန်လည်ပေးဆပ်ရမည်။

၄၅။ ကော်မရှင်သည် ဤဥပဒေအရ လုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများထံမှ အထောက်အပံ့ အကူအညီများကို သတ်မှတ်ချက်များနှင့်အညီ ရယူနိုင်သည်။

( – ) အခန်း (၉) အပိုဒ် ၄၇ အပိုဒ်ခွဲ (က) နှင့် (ခ) တို့ရှိ “လုပ်ငန်းစီမံချက်အား ရေးဆွဲပြုစုထားရှိရမည်” ဆိုသည့် စကားရပ်ကို လုပ်ငန်းစီမံချက်အား **နိုင်ငံတော်၏ မူဝါဒများနှင့်အညီ** ရေးဆွဲပြုစုထားရှိရမည် ဟုလည်းကောင်း၊ အပိုဒ်ခွဲ (ခ) ရှိ လိုအပ်သလို ဆိုသည့်စကားရပ်ကို လိုအပ်ပါက ဟု ပြင်ဆင်ပါသည်။

( – ) အပိုဒ် ၄၈ ရှိ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။ ဆိုသည့်စကားရပ်ကို ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။ ဟု ပြင်ဆင်ပါသည်။

( – ) အခန်း (၁၀) ခေါင်းစဉ်ကို **စုံစမ်းခြင်း သို့မဟုတ် စစ်ဆေးခြင်း** ဟုပြင်ဆင်းပြီး ယင်းအခန်းရှိ စုံစမ်းစစ်ဆေးခြင်း ဆိုသည့်စကားရပ်များကို **စုံစမ်းခြင်း သို့မဟုတ် စစ်ဆေးခြင်း** ဟု အသီးသီးပြင်ဆင်ပါသည်။

( – ) အပိုဒ် ၄၉ အပိုဒ်ခွဲ (ခ) ရှိ ပုဒ်မခွဲ (က) အရ စုံစမ်းသည့် ကိစ္စနှင့်စပ်လျဉ်း၍ ဆိုသည့်စကားရပ်ကို ပုဒ်မခွဲ (က) အရ ဆောင်ရွက်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ဟုလည်းကောင်း၊ ကော်မရှင်ထံ ဆိုသည့်စကားရပ်ကို ကော်မရှင်သို့ ဟု လည်းကောင်းပြင်ဆင်ပါသည်။

( – ) အပိုဒ် ၄၉ အပိုဒ်ခွဲ (ဂ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

(ဂ) ကော်မရှင်နှင့် ကော်မရှင်ရုံး ဝန်ထမ်းများသည် **စုံစမ်းခြင်း သို့မဟုတ် စစ်ဆေးခြင်းမှ** ရရှိထားသော အချက်အလက်များနှင့်စပ်လျဉ်း၍ ကော်မရှင်၏ လုပ်ငန်းတာဝန်ကိုဆောင်ရွက်ရန်၊ လုပ်ပိုင်ခွင့်ကို ကျင့်သုံးရန် သို့မဟုတ် တာဝန်များ ကို ထမ်းဆောင်ရန်သာ အသုံးပြုရမည်။

( – ) အပိုဒ် ၅၀ အပိုဒ်ခွဲ (က) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်–

**(က)** ကော်မရှင်သည် ပုဒ်မ ၄၉၊ ပုဒ်မခွဲ (က) အရ စုံစမ်းခြင်း သို့မဟုတ် စစ်ဆေးခြင်း နှင့်စပ်လျဉ်းသည့် တွေ့ရှိချက် အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ ရေးသားပြုစု၍ စုံစမ်းခြင်း သို့မဟုတ်စစ်ဆေးခြင်း ပြီးလျှင်ပြီးချင်း အများပြည်သူ သိသင့်သိထိုက်သည့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာရမည်။

( – ) အခန်း (၁၁) အပိုဒ် ၅၁ ရှိ ကော်မရှင် ဖွဲ့စည်းပြီးသည့်နေ့ရက်မှစ၍ ဆိုသည့် စကားရပ်ကို ကော်မရှင်ဖွဲ့စည်းပြီးသည့် နေ့မှစ၍ ဟု ပြင်ဆင်ပါသည်။

( – ) အပိုဒ် ၅၃ ရှိ ဤဥပဒေ အာဏာတည်သည့်နေ့ရက် မတိုင်မီက ဆိုသည့် စကားရပ်ကို ဤဥပဒေအာဏာတည်သည့်နေ့မတိုင်မီက ဟု ပြင်ဆင်ပါသည်။

( – ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၅၆ ကို ပယ်ဖျက်ပါသည်။

( – ) အပိုဒ် ၅၈ ကို အပိုဒ် ၅၇ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ဝင်ငွေခွန်မပေြ ကျန်ငွေ ဖြစ်ဘိသကဲ့သို့ အရကောက်ခံနိုင်သည် ဆိုသည့်စကားရပ်ကို အခွန်မပေြ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံနိုင်သည် ဟု ပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ **မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင်ဥပဒေကြမ်း**ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို လွှတ်တော်သို့ အစီရင်ခံ တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကိုတိတိကျကျဖော်ပြ၍ ၁၅–၇–၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တာ် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၂၀ပြည့်နှစ်၊ ဇူလိုင်လ ၁၄ ရက် (အင်္ဂါနေ့)နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့်ယနေ့ အတွက် အစည်းအဝေးပြီးဆုံးကြောင်းကြေညာပါတယ်။

**အချိန်၊ ၁၁:၀၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၁:၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ (၁၃.၇.၂၀၂၀) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Thet Tun U Ba Shein




U Thet Tun U Nyunt Win




U Thar Oo U Toe Thaung




U Kyaw Shwe U Thar Oo




U Aung Kyaw Zan U Thar Oo

-

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်